# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 December 2025 ၁၂၀၂၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

## ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✯






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။


ယနေ့ ဖတ်စရာ

**သုတပညာမှ လက်တွေ့စွမ်းရည်သို့ ပြောင်းလဲနိုင်မှု အနုပညာ**
ဆောင်းပါး
စာမျက်နှာ » ၆

**လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများ ပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး**
စာမျက်နှာ » ၁၁

**ကရင်ပြည်နယ်အတွင်း ဧရာတ်ကောင်း၊ ကော်ဖီ၊ နေကြာ၊ ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး**
စာမျက်နှာ » ၁၆

ကြေးမုံ

# နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် အစိုးရနှင့်ပုဂ္ဂလိက လက်တွဲဆောင်ရွက်

နိုင်ငံ့စီးပွားမြင့်မားတိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့်အတူ ကုန်သွယ်စီးပွားတိုးတက်ကောင်းမွန်ရေးသည် အရေးကြီးသဖြင့် နိုင်ငံတော်အစိုးရက ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းထုတ်ကုန်မြှင့်တင်ရေးတို့ကို အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ့စီးပွားရေးတိုးတက်လာအောင် ဆောင်ရွက်ရာ၌ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်တွင်းစားရေရိက္ခာဖူလုံရေး အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်ပေးလျက်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)တွင် "နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များ ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၃၀ ရက်က ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် "အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်အနေဖြင့် ပါဝင်နေကြောင်း၊ လက်ရှိအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးပေးနေသည့် ဆွေးနွေးမှုပုံစံများမှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာမြင်သာရှိသည့် ရလဒ်များပေါ်ထွက်သည်အထိ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကအကြားတွင် သဟဇာတ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်အောင် ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရှင်များအား ကိုယ်စားပြုဆောင်ရွက်ပေးနေသောအဖွဲ့အစည်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဖြစ်သည်။ ကုန်သည်စက်မှုအသင်းချုပ်သည် နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် မိတ်ဆွေသစ်ကုန်သွယ်ဖက်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံး ကမ္ဘာ့အဆင့်မီ မြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းစီးပွားရေးကဏ္ဍများ ပိုမိုသန်မာလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရေး၊ နည်းပညာသစ်များနှင့် နိုင်ငံတကာစီးပွားရေး အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်း သင်ယူနိုင်ရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မရှိမဖြစ်သည့်ကဏ္ဍမှ ပါဝင်နေသည်။ မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖော်ဆောင်ရာတွင် နိုင်ငံတကာမှ မိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်သည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သော်လည်း လယ်ယာထုတ်ကုန်များနှင့်ပတ်သက်၍ အားနည်းမှုများ ရှိနေသေးသည်။ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ သီးထပ်များပါ စိုက်ပျိုးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ပိုမိုရရှိနိုင်မည်ဟု သိရသည်။

ကုန်သွယ်ရေးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ၊ မြေပေါ်မြေအောက် သယံဇာတများ၊ အထည်ချုပ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ များစွာရှိသည်။ ပြန်လည်ဖြည့်တင်းနိုင်သော သယံဇာတပစ္စည်းများဖြစ်သည့် သစ်နှင့်ဝါး၊ ရေထွက်ကုန်ပစ္စည်းများကိုလည်း ဆောင်ရွက်သွားရန်လိုသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ အကျိုးကို ကိုယ်စားပြုသည့် အစိုးရမဟုတ်သော ဦးဆောင်အဖွဲ့အစည်းအနေဖြင့် နိုင်ငံတော်၏မူဝါဒ၊ လုပ်ငန်းစဉ်၊ အကြံဉာဏ်များ၊ နည်းပညာများ ကြုံတွေ့ရမည့် အခက်အခဲများကို ဦးစားပေးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအလိုက် ပုဂ္ဂလိကကိုယ်စားပြုပြီး တက်ကြွစွာ ဆောင်ရွက်ပေးရန်လိုသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကောင်းမွန်သည့်အကြံပြုချက်များ၊ တင်ပြချက်များဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် အစိုးရနှင့် ပုဂ္ဂလိက လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်ဟိန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး |
| (၂) | ဒေါက်တာ သန်းသန်းဝင်း | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့နံနက် ၀၁ နာရီ ၂၅ မိနစ် ၀၆ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ တောင်- အနောက်တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တီးတိန်မြို့၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၄ ဒီဂရီ၊ အနက် ၆၄ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ဒဂုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက အလုံလမ်းရှိ My Garden စားသောက်ဆိုင်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးငြိမ်းချမ်းဗိုလ်က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်သူဟိန်း(ပြန်/ဆက်)

## ၂ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၁၂၇ | ၁,၀၇၉,၅၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၈၇ | ၃၁၃,၁၅၀ |
| MCB | ၇,၈၀၀ | ၇,၇၀၀ | ၁,၀၇၈ | ၈,၃၈၉,၈၀၀ |
| FPB | ၂,၂၀၀ | ၂,၂၀၀ | ၁,၁၈၇ | ၂,၆၁၁,၄၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၄၀၅ | ၆၇၃,၅၀၀ |
| AMATA | ၃,၆၀၀ | ၃,၆၅၀ | ၂၈ | ၁၀၁,၁၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၆၈ | ၂၁၁,၈၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၆၀၀ | ၁,၁၃၇ | ၂,၉၈၉,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌအား ကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃ ရက်၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကန်တော်ကြီးဥယျာဉ်သို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အမျိုးသားကန်တော်ကြီး ဥယျာဉ် (၁၈)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြကွက်များအလိုက် အလှပန်းမန်များ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ လာရောက်အပန်းဖြေ အနားယူကြမည့်သူများအတွက် ဂီတဖျော်ဖြေပွဲများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပန်းပွဲတော်တေးသီချင်း စီစဉ်ရိုက်ကူးထားရှိမှုအား တင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့သည် ပန်းမြို့တော် ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း ပန်းများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ဆက်လက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေး တိုးတက်အောင် သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်းမျိုးသန့်များကိုလည်း ဒေသတွင်း အောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိ လမ်းများ၊ ရပ်ကွက်များ အတွင်း၌လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုး၍ မျက်စိပသာဒ ဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင် ပြင်ဦးလွင်မြို့၏ တောင်ဘက်ပိုင်း၌ သစ်တောဖုံးလွှမ်းမှုရှိစေရေး ပြန်လည် ဆောင်ရွက်သွားရန် လိုပြီး ပြင်ဦးလွင်ဒေသ၏ စိမ်းလန်းစိုပြည်မှုနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အတွင်း လမ်းဘေးများရှိ သစ်ပင်များနှင့် ကန်တော်ကြီး ဥယျာဉ်အတွင်းရှိ သစ်ပင်များကိုလည်း အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းတို့ ဆောင်ရွက်၍ လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်တော်ကြီးပတ်လမ်းနှင့် ခြံစည်းရိုးဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ရွှံ့နွံ့လျှောက်လမ်း ဆောင်ရွက်ထားရှိမှု၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြု စိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွှံ့နွံ့လျှောက်လမ်းပေါ်တွင် လူအများ သွားလာကြမည်ဖြစ်သဖြင့် သစ်အမျိုးအစားကောင်းများ အသုံးပြုခင်းကျင်းရန်နှင့် ကြံ့ခိုင်သပ်ရပ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသပန်းမျိုးများအား စနစ်တကျသုတေသနပြုလုပ်၍ အပင်သက်တမ်း၊ အပွင့်သက်တမ်းမြင့်မားစေရေး၊ ပွင့်အားကောင်းမွန်မှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး ပတ်လမ်းနှင့် ခြံစည်းရိုး ဆောင်ရွက်ထားရှိမှုအား လျှောက်လမ်းတစ်လျှောက် လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး လျှောက်လမ်းနံဘေး၌ အလှပန်းမန်များ စိုက်ပျိုးသွားရန်၊ သန့်ရှင်းသာယာမှုရှိစေရေး ဆောင်ရွက်သွားရန်၊ လမ်းလျှောက်သူများ ဘေးအန္တရာယ် ကင်းရှင်းမှုရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ကန်တော်ကြီး ပတ်လမ်းခြံစည်းရိုးနှင့် လူသွားလမ်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူသွားလမ်း အကျယ် ခုနစ်ပေမှ ၁၂ ပေ၊ လမ်းအရှည်ပေ ၁၉၀၀ ရှိလူသွားလမ်းနှင့် ခြံစည်းရိုးအား ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ လူသွားလမ်းအား ပြုပြင်တည်ဆောက်ခဲ့ခြင်းကြောင့် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ကန်တော်ကြီး ပတ်လမ်းတစ်လျှောက် အနားယူအပန်းဖြေလမ်းလျှောက်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ဘူတာကြီး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင်နေထိုင်ကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်း အိမ်ရာအဆောက်အအုံများ တိုးချဲ့တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နေရာချထားပေးလျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံအား တွေ့ရစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တည်ဆောက်ပြီးစီးသည့်အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာချထားပေးသွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာတွင်နေထိုင်သူများ ကျန်းမာရေး အထောက်အကူပြုရန်အတွက် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန်နေရာများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် အထပ်မြင့်အဆောက်အအုံများကို သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်အောင် စနစ်တကျတွက်ချက်ဆောက်လုပ်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာတွင်နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်များကို မေးမြန်းသည်။

အဆိုပါ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင် အခြားအဆင့် နေအိမ်နှစ်ခန်းတွဲ လေးထပ် ၁၀ လုံး၊ အခြားအဆင့်နေအိမ်လေးခန်းတွဲ ခြောက်ထပ် ၁၀ လုံး၊ အရာရှိငယ် နေအိမ်လေးခန်းတွဲ ခြောက်ထပ် သုံးလုံး၊ အရာရှိကြီးနေအိမ် လေးခန်းတွဲ ခြောက်ထပ် တစ်လုံးတို့ကို ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်းနှင့် အရာရှိကြီးနေအိမ်၊ အရာရှိငယ်နေအိမ်နှင့် အခြားအဆင့် နေအိမ်များအား ထပ်မံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ပြင်ဦးလွင်မြို့ ဘူတာကြီး ထိန်းသိမ်း ဆောင်ရွက်ထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ဘူတာရုံအတွင်း သန့်ရှင်း သာယာမှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ဘူတာရုံဧရိယာအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများ၊ စီးပွားရေးလုပ်ငန်း ဝင်ရောက်လုပ်ကိုင်နေသူများအား ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဘူတာရုံဧရိယာအတွင်း စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ညှော့ခံပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂**

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်မှု နှစ်(၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ညှော့ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။




ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bounphieng CHANTHAVONG နှင့်ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ညှော့ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Bounphieng CHANTHAVONG က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးပြီး ညှော့ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးက ညှော့ခံပွဲသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော့ခံသည်။

အဆိုပါ ညှော့ခံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဇေယျာသီရိမြို့နယ် အထက(၁)၌ ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

စာပေယဉ်ကျေးမှုကို မြှင့်တင်ရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်များ တိုးပွားလာစေရန် ရည်ရွယ်ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ပွဲတော်သို့ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွစေသည့် "ဓာတိမာန်တေးသီချင်း"ဖြင့်လည်းကောင်း၊ "စာကြည့်တိုက်သို့သွားကြစို့" တေးသီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို အခြေခံပညာ၊ အဆင့်မြင့်ပညာ ကျောင်းများတွင် စဉ်ဆက်မပြတ် ကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးစေရန်အတွက် ငွေပဒေသာပင်များနှင့် စာအုပ်စာစောင်များကို ပေးအပ်ပြီး နေပြည်တော်ကောင်စီဝင်များက "စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည့် စာရေးဆရာ ရဲမွန်ကျော်နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာစောင်များနှင့် ကာယစွမ်းရည်၊ ဉာဏစွမ်းရည် ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ဇမ္ဗူသီရိမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း သုခပညာခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက လယ်ဝေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လယ်ဝေးခရိုင်ဥပဒေရုံးတို့နှင့် ပူးပေါင်း၍ ကျင်းပသည်။



အဆိုပါ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ဥပဒေအရာရှိ ဒေါ်စန်းယုခိုင်က "ကလေးသူငယ်အလုပ်သမားနှင့် စပ်လျဉ်း၍ ဥပဒေအသိပညာပေးခြင်း"၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက "လူငယ်နှင့်စာဖတ်ခြင်း"နှင့် လယ်ဝေးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေသွယ်က လူငယ်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်း၊ ပလတ်စတစ် ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်း(အမှိုက်) ဆိုင်ရာ အကြောင်းအရာများကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂**

လူငယ်ကဏ္ဍကို မြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက တန်ခူးခင်ကိုယ်ပိုင်အထက်တန်းကျောင်းတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဝက်ဝံအခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း ကျင်းပသည်။



ဦးစွာ တန်ခူးခင်ကိုယ်ပိုင်အထက်တန်း ကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်တူတူဝင်းနှင့် ဝက်ဝံအခြေခံပညာ အထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ် ဆရာမကြီးတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

# သုတပညာမှ လက်တွေ့စွမ်းရည်သို့ ပြောင်းလဲနိုင်မှု အနုပညာ

*မောင်မောင်လင်း*

လုပ်ငန်းခွင်နဲ့ ပညာရေးနယ်ပယ်မှာ သုတပညာ (Knowledge) ကြွယ်ဝသူများစွာရှိနေပေမယ့်လည်း မိမိတတ်မြောက်ထားတဲ့ပညာရပ်တွေကို လက်တွေ့လုပ်ငန်းခွင်မှာ ထိရောက်စွာအသုံးချနိုင်မှု (Skill) ဖြစ်သွားအောင် ဖန်တီးနိုင်မှုအားနည်းနေခြင်းဟာ ခေတ်သစ်အဖွဲ့အစည်းတွေအတွက် အရေးကြီးတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါတယ်။ ဒီအရာဟာ သာမန်ပညာရေးနဲ့ လုပ်ငန်းခွင်သင်ကြားမှုအတွက်မှာသာမက စာပေ၊ ဘာသာစကား၊ အချင်းချင်း ဆက်သွယ်ပြောဆိုမှုလို လူမှုအသုံးအနှုန်းတွေမှာပါ ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။

> ❝ ဝန်ထမ်းတွေဟာ AI သင်တန်းတွေတက်ပြီး AI ကိရိယာနဲ့ အစီရင်ခံစာအနှစ်ချုပ်ကို ငါးမိနစ်အတွင်း ရေးသားနိုင်ပုံကို လက်တွေ့သိခဲ့ပေမယ့် ရုံးခန်းပြန်ရောက်တော့ မူလရင်းနှီးပြီးဖြစ်တဲ့ ပုံမှန်စာစီ၊ စာရိုက်ခြင်းသာ ပြန်လုပ်နေကြတာကို တွေ့နေရပါတယ်။ ဒါဟာ စွမ်းရည်မရှိတာကြောင့်မဟုတ်ဘဲ အပြုအမူဆိုင်ရာ တုံ့ဆိုင်းမှုကြောင့်ဖြစ်ပြီး သုတပညာရှိပေမယ့် အကျင့်ဟောင်းကပဲ ဆက်လက်လွှမ်းမိုးနေတာကို ကျော်လွှားဖို့လိုအပ် ❞

**မှားလေ့ရှိကြတဲ့ "က"နဲ့ "မှ"**

ဥပမာတစ်ခုပြလိုပါတယ်။ ဒါက မှားလေ့ရှိကြတဲ့ အမှားတစ်ခုဖြစ်ပြီး "က" နဲ့ "မှ" ဆိုတဲ့ ကတ္တားဝိဘတ်နဲ့ ထွက်ခွာရာပြဝိဘတ်ကို သူ့နေရာနဲ့သူ မှန်ကန်စွာ အသုံးမပြုတာမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ မြန်မာစကားကို လူမှန်းသိတတ်စကတည်းက သင်ကြားသင်ယူခဲ့ရသလို အခြေခံပညာနဲ့ အဆင့်မြင့်ပညာကဏ္ဍတွေမှာလည်း မြန်မာသဒ္ဒါကို စနစ်တကျ သင်ကြားပေးခြင်းခံခဲ့ရတာတောင်မှ ဒါကို မကြာခဏ မှားယွင်းစွာ အသုံးပြုနေကြဆဲဖြစ်ပါတယ်။

အခမ်းအနားတွေမှာတောင်မှ အခမ်းအနားမှူးအပါအဝင် တက်ရောက်လာကြသူတွေ မှားယွင်းသုံးစွဲနေကြတာ မကြာခဏ တွေ့နေရပါတယ်။ မနေနိုင်တဲ့သူတွေက သိမ်မွေ့စွာ အမှားပြင် (Gentle Correction) ပေးကြသလို ကျွမ်းကျင်သူနဲ့ သင်တန်းပို့ချစေတာမျိုးတောင် လုပ်ပေးပေမယ့်လည်း မှားနေကြဆဲပါ။ သင်တန်းက သင်ကြားပေးလိုက်တဲ့ သုတပညာဟာ လက်တွေ့အသုံးမပြုနိုင်တဲ့ သင်ယူမှုသာဖြစ်နေတယ်လို့ သုံးသပ်လို့ရပါတယ်။ တရားဝင် အခမ်းအနားတွေမှာ အမှန်အသုံးပြုသူတွေထံမှ သင်ယူမှု (Incidental Learning) မရှိသလို ဖြစ်နေကြတာကိုလည်း တွေ့ရှိရပါတယ်။ ဒီအမှားက သုတပညာရှိပေမယ့်လည်း လက်တွေ့အသုံးမပြုနိုင်ခြင်းရဲ့ သာဓကတစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့် သုတပညာနဲ့ လက်တွေ့စွမ်းရည်အကြား ကွာဟချက်ကို လေ့လာသုံးသပ်ဖို့ လိုအပ်လာပါတယ်။

**ပြဿနာသတ်မှတ်ခြင်း**

ဒီသဘောတရားဟာ ပညာရေးနယ်ပယ်နဲ့ လုပ်ငန်းခွင်နယ်ပယ်တစ်လျှောက် **"သုတပညာမှ စွမ်းရည်သို့ မလွှဲပြောင်းနိုင်ခြင်း"** ဖြစ်စဉ်ဖြစ်ပါတယ်။ ဒီအခြေအနေကို ပညာရေးနဲ့ စိတ်ပညာဆိုင်ရာ သဘောတရားတွေအပေါ်အခြေခံပြီး သုတပညာ - စွမ်းရည်ကွာဟချက်၊ သက်မဲ့အသိပညာ၊ သင်ယူမှုလွှဲပြောင်းနိုင်စွမ်း ပျက်ကွက်မှု စသည်ဖြင့် အမည်နာမအမျိုးမျိုး သတ်မှတ်နိုင်ပါတယ်။

**ဖြစ်စေသောအကြောင်းရင်းများ**

ဒီလိုဖြစ်ရတာဟာ သင်ကြားမှုစနစ်၊ စိတ်ပိုင်းဆိုင်ရာအကြောင်းရင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာလှုံ့ဆော်မှုတွေ ပေါင်းစပ်ပြီး အောက်မှာဖော်ပြထားသလို ဖြစ်ပေါ်လာတာကြောင့်ဖြစ်ပါတယ် -

(က) **သင်ကြားမှုဆိုင်ရာအကြောင်းရင်းခံများ။** သိမှုဝန်ပိမှု၊ လက်တွေ့နဲ့ ချိတ်ဆက်မထားမှုတို့ကြောင့် နားထောင်၊ မှတ်သားရုံသာဖြစ်မှု။

(ခ) **စိတ်ပိုင်းဆိုင်ရာအတားအဆီးများ။** မိမိသိပြီးသားဟု ယုံကြည်ပြီး ပြုပြင်ရန်လက်မခံလိုတဲ့ အတ္တကာကွယ်မှု၊ အမှားလုပ်မိမှာကို စိုးရိမ်တဲ့ရှက်ကြောက်မှုနဲ့ ကိုယ်ပိုင်သိမှုစွမ်းရည်နည်းပါးခြင်းကြောင့် မိမိအမှားကို မိမိကိုယ်တိုင်မသိမှု။

(ဂ) **ယဉ်ကျေးမှုဆိုင်ရာအကြောင်းရင်းခံများ။** အလေ့အကျင့်ဟောင်းများ၏လွှမ်းမိုးမှု။

**ဖြေရှင်းမှုနည်းဗျူဟာများ**

အထက်က အကြောင်းရင်းခံတွေအနက် သင်ကြားပို့ချမှုဆိုင်ရာ အကြောင်းရင်းခံဟာ အဓိကအားဖြင့် သင်ကြားရေးဒီဇိုင်းနဲ့သက်ဆိုင်ပြီး စိတ်ပိုင်းဆိုင်ရာ အတားအဆီးဟာ အတွင်းစိတ်သဘောထားမှ ပေါက်ဖွားလာကာ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းရင်းခံဟာ အလေ့အကျင့်ရှိတဲ့ပုံစံနဲ့ လူမှုပတ်ဝန်းကျင်ကနေ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒါကြောင့် သုတပညာနဲ့ စွမ်းရည်ကွာဟချက်ကို ဖြေရှင်းဖို့ဆိုရင် အောက်မှာဖော်ပြပေးထားတဲ့ တက်ကြွစွာလွှဲပြောင်းနိုင်မှု မူဘောင် (Active Transfer Framework) ကို အသုံးပြုသင့်ပါတယ်-

(က) **သင်ကြားမှုပုံစံပြောင်းလဲခြင်း**

(က) **မိုက်ခရိုသင်ကြားမှု။** အကြောင်းအရာငယ်များကို တိုတောင်းစွာသင်ကြားခြင်း၊

(ခ) **နှိုင်းယှဉ်လေ့ကျင့်ခန်း။** "အမှန်နဲ့အမှား" နှိုင်းယှဉ်လေ့ကျင့်ခြင်း ၊

(ဂ) **လက်တွေ့တာဝန်ပေးအပ်ခြင်း။** လက်တွေ့စာကြောင်းတွေကို ပြန်လည်စစ်ဆေးခိုင်းခြင်းနဲ့ လက်တွေ့ဘဝ တာဝန်ပေးအပ်လေ့ကျင့်ခြင်း။

(ခ) **ကိုယ်ပိုင်သိမှုစွမ်းရည်မြှင့်တင်ခြင်း**

(က) **ပြန်လည်သုံးသပ်မှု။** "ဘာကြောင့်မှားတာလဲ" ဆိုတဲ့ မေးခွန်းမေးခြင်း၊

(ခ) **စစ်ဆေးစာရင်း။** အမှားဖြစ်နိုင်ခြေရှိတဲ့ အချက်အလက်စာရင်းပြုစုခြင်း။

(ဂ) **သင်ယူမှုယဉ်ကျေးမှုတည်ဆောက်ခြင်း**

(၁) **အချင်းချင်းသင်ကြားခြင်း။** ကျွမ်းကျင်သူတွေက ကူညီခြင်း၊

(၂) **စိတ်ချရသောပတ်ဝန်းကျင်။** အမှားကို သင်ယူမှုအခွင့်အရေးအဖြစ်မြင်ခြင်း၊

(၃) **ခေါင်းဆောင်များ၏ စံနမူနာ။** အကြီးအကဲတွေက ဦးဆောင်ပြသခြင်းနဲ့ အခမ်းအနားတစ်ခုမစတင်မီ အခမ်းအနားမှူးတွေကို ကြိုတင်ခေါ်ယူပြီး သူတို့ဖတ်ကြားမယ့်အစီအစဉ်စာရွက်ကို ပြင်ဆင်ပေးတာမျိုးပြုလုပ်ခြင်း။

(ဃ) **နည်းဗျူဟာရဲ့ထိရောက်မှုကို ဆန်းစစ်ခြင်း။** သင်တန်းတစ်ခုကိုစီစဉ်တိုင်း သင်တန်းမတိုင်မီနဲ့ သင်တန်းပြီးနောက် စွမ်းဆောင်ရည်အပေါ် လေ့လာစောင့်ကြည့်မှု၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ အကြံပြုချက်စတာတွေနဲ့ တိုးတက်မှုကို တိုင်းတာခြင်း။

**သိမှုမှ လက်တွေ့လုပ်ဆောင်မှုဖြစ်ဖို့ဆိုရာဝယ်**

သက်မဲ့သုတပညာကို လက်တွေ့စွမ်းရည်အဖြစ် ပြောင်းလဲနိုင်ပြီး ပညာရေးနဲ့ လုပ်ငန်းခွင်စနစ်တွေမှာ တိုးတက်မှု အမှန်တကယ်ရရှိနိုင်ဖို့ဆိုရင် တင်ပြခဲ့တဲ့ နည်းဗျူဟာတွေကိုပဲ အသုံးချရမှာဖြစ်ပါတယ်။ ဒါကိုပဲ ဘယ်အကြောင်းအရာအတွက်မဆို အသုံးပြုနိုင်ဖို့ကတော့ ဖြစ်ရပ်ရဲ့အကြောင်းရင်းခံတွေကို ဖော်ထုတ်တတ်ဖို့နဲ့ ဖြေရှင်းမှုနည်းဗျူဟာတွေကို မှန်ကန်စွာ ချမှတ်တတ်ဖို့က အရေးကြီးပါတယ်။ ဥပမာအားဖြင့် AI (ဉာဏ်ရည်တု) နည်းပညာကို လက်တွေ့လုပ်ငန်းခွင်မှာ ဘာကြောင့်အသုံးမချကြတာလဲဆိုတဲ့ ပြဿနာကို အဖြေရှာကြည့်ဖို့ စဉ်းစားကြည့်တဲ့အခါ အဓိကပြဿနာကတော့ သိလျက်နဲ့ မလုပ်နိုင်မှု၊ တစ်နည်းဆိုရရင် သိမှုနဲ့ လက်တွေ့လုပ်ဆောင်မှုရဲ့ ကွာဟချက်ဆိုတာ တွေ့ရပါတယ်။

ဥပမာအားဖြင့် ဝန်ထမ်းတွေဟာ AI သင်တန်းတွေတက်ပြီး AI ကိရိယာနဲ့ အစီရင်ခံစာအနှစ်ချုပ်ကို ငါးမိနစ်အတွင်း ရေးသားနိုင်ပုံကို လက်တွေ့သိခဲ့ပေမယ့် ရုံးခန်းပြန်ရောက်တော့ မူလရင်းနှီးပြီးဖြစ်တဲ့ ပုံမှန်စာစီ၊ စာရိုက်ခြင်းသာ ပြန်လုပ်နေကြတာကို တွေ့နေရပါတယ်။ ဒါဟာ စွမ်းရည်မရှိတာကြောင့်မဟုတ်ဘဲ အပြုအမူဆိုင်ရာ တုံ့ဆိုင်းမှုကြောင့်ဖြစ်ပြီး သုတပညာရှိပေမယ့် အကျင့်ဟောင်းကပဲ ဆက်လက်လွှမ်းမိုးနေတာကို ကျော်လွှားဖို့ လိုအပ်ပါတယ်။

**ကျော်လွှားရမယ့်အတားအဆီးများ**

ဒီလိုဖြစ်ရတာဟာ အောက်ဖော်ပြပါ အဓိကအတားအဆီးသုံးမျိုးကြောင့် ဖြစ်ပါတယ်-

(က) **ကိုယ်တိုင်ရဲ့သိမြင်မှုဆိုင်ရာ အတားအဆီးများ**

(၁) **စိတ်ပိုင်းဆိုင်ရာစိုးရိမ်မှုနဲ့ ကြောက်ရွံ့မှု။** ဝန်ထမ်းတွေအနေနဲ့ မိမိဌာနရဲ့ ဒေတာလုံခြုံရေးကို စိုးရိမ်ကြပါတယ်။ အမှားလုပ်မိမှာကို ကြောက်ရွံ့ခြင်းနဲ့ အမှားဖြစ်ခြင်းအပေါ် ရှက်ခြင်းကြောင့်လည်း နည်းလမ်းအသစ်တွေကို စမ်းသပ်ဖို့ အားနည်းတတ်ပါတယ်။ အလုပ်ခွင်ရဲ့ဖိအား သို့မဟုတ် အမှားရဲ့အကျိုးဆက်ကြီးမားခြင်းကြောင့် အမှားမဖြစ်ရေးကိုသာ ဦးစားပေးပြီး အလေ့အကျင့်ဟောင်းတွေကို ဆက်လက်အားကိုးနေတတ်ပါတယ်။

(၂) **မိမိကိုယ်ကိုအထင်ကြီးမှု။** မိမိကိုယ်ကို အထင်ကြီးမှုကြောင့် သင်ယူမှုကို ပိတ်ဆို့ထားခြင်းနဲ့ အကြံပြုပေးမှုကိုပင် ဝေဖန်ပြစ်တင်မှုလို့ရှုမြင်ပြီး လက်မခံနိုင်ခြင်းတွေလည်း ဖြစ်တတ်ပါတယ်။

(ခ) **နည်းလမ်းကျင့်သုံးမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများ**

(၁) **စာခိုးယူမှု (Plagiarism) သို့မဟုတ် AI သုံးခြင်းအပေါ် မမှန်သောယုံကြည်ချက်များ။** AI က ထုတ်ပေးလိုက်တဲ့စာသားတွေကြောင့် မူပိုင်ခွင့်ဆိုင်ရာ ပြဿနာဖြစ်လာမှာကို စိုးရိမ်ကြတာမျိုးဖြစ်ပါတယ်။

(၂) **AI ကို သုံးရင် "မတတ်လို့သုံးတာ" လို့ အထင်ခံရမယ်ဆိုတဲ့စိုးရိမ်မှု။** AI ကို သုံးရင် ကိုယ်တိုင်ဘာမှမတတ်လို့ သုံးတာဆိုပြီး အထင်ခံရမှာကို စိုးရိမ်တာမျိုးဖြစ်ပါတယ်။

(၃) **AI ကို စိတ်နှလုံးက မယုံကြည်နိုင်ခြင်း၊ မသုံးခိုင်းနိုင်ခြင်း။** AI ရဲ့အဖြေတွေက တစ်ခါတစ်ရံ အမှန်မဟုတ်တာတွေ ထွက်ပေါ်တတ်တာကြောင့် တိကျမှုမရှိမှာကို စိုးရိမ်ပြီး မယုံမရဲဖြစ်ကာ မသုံးလိုတာမျိုးဖြစ်တတ်ပါတယ်။

(ဂ) **အဖွဲ့အစည်းဆိုင်ရာနဲ့ စိတ်အားထက်သန်မှုနည်းပါးခြင်း**

(၁) **အဖွဲ့အစည်းဆိုင်ရာအခက်အခဲ။** AI ကို စနစ်တကျ သုံးစွဲဖို့ ရှင်းလင်းတဲ့မူဝါဒ၊ လမ်းညွှန်ချက်နဲ့ ခွင့်ပြုချက်မရှိခြင်း၊ လုပ်ငန်းပုံစံဟောင်းတွေက တင်းကျပ်လွန်းခြင်း စတဲ့ အတားအဆီးများ။

(၂) **စိတ်အားထက်သန်မှုနည်းပါးခြင်း (Low Motivation)။** AI ကို သုံးတာအတွက် အသိအမှတ်ပြုမှု ဒါမှမဟုတ် ချီးမြှောက်မှုမရှိရင် ဝန်ထမ်းတွေဟာ အပင်ပန်းခံပြီး နည်းလမ်းသစ်ကို ပြောင်းလဲကျင့်သုံးချင်စိတ် နည်းပါးသွားမှာဖြစ်ပါတယ်။

**လက်တွေ့ ဖြေရှင်းနည်းများ (နည်းဗျူဟာလေးရပ်)**

ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က အေအိုင်သုတပညာကနေ ယုံကြည်မှုကို တိုးပွားစေမယ့် ပံ့ပိုးမှုဝန်းကျင်တစ်ခု ဖန်တီးဖို့ဖြစ်ပြီး အဲဒါအတွက် နည်းဗျူဟာလေးရပ်ကတော့-

(က) **လုံခြုံစိတ်ချရတဲ့ စမ်းသပ်နယ်မြေဖန်တီးခြင်း။** ဌာနရဲ့ Intranet နဲ့ မချိတ်ထားတဲ့ AI စမ်းသပ်စနစ်ထဲမှာ ဝန်ထမ်းတွေကို စိတ်ကြိုက်လေ့ကျင့်ခွင့်ပေးခြင်းမျိုးနဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိသွားအောင် ဖန်တီးပေးခြင်း။

(ခ) **AI အသုံးပြုမှုအတွက် ရှင်းလင်းတဲ့လမ်းညွှန်ချက် ချမှတ်ခြင်း။** စာကူးချတာမျိုးနဲ့ ဒေတာကျိုးပေါက်တာမျိုးမဖြစ်အောင် ဘယ်လိုသုံးရမလဲ ဆိုတာမျိုးနဲ့ AI က ထုတ်ပေးတာကို "ပထမမူကြမ်း" အဖြစ်သာ သုံးရမယ်ဆိုတဲ့ သတ်မှတ်ချက်မျိုး။

စာမျက်နှာ ၇ သို့ ❋

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန် (န)ဝါဟူစိန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါဟူစိန်အား ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပန်းဝါဒ္ဒီရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**









❋ စာမျက်နှာ ၆ မှ

(ဂ) **ဆက်လက်ပံ့ပိုးကူညီမှုစနစ် တည်ဆောက်ခြင်း**

(၁) **ရွယ်တူချင်းသင်ကြားမှုကို အားပေးခြင်း။** စဉ်ဆက်မပြတ် လက်တွေ့လေ့ကျင့်မှုဖြစ်စေဖို့ AI ကို စောစီးအောင်မြင်စွာအသုံးပြုနေသူ (AI Champions) တွေက အချင်းချင်း ပံ့ပိုးကူညီစေခြင်း။ ဒါရဲ့ အဓိကရည်ရွယ်ချက်ကတော့ AI ကို လက်ခံကျင့်သုံးတဲ့ အပြုအမူဆိုင်ရာအပြောင်းအလဲဟာ မူဝါဒနဲ့ အတင်းအကျပ် ပြောင်းခိုင်းတာမျိုးထက် ရွယ်တူချင်းက စံနမူနာပြပြီး ပြောင်းလဲသွားတဲ့အခါ ပိုမိုမြန်ဆန် ထိရောက်တယ်ဆိုတဲ့အချက်ကို အသုံးချဖို့ပဲဖြစ်ပါတယ်။

(၂) **စီမံခန့်ခွဲမှုအဆင့်က နည်းပြပေးခြင်း။** ဌာနအလိုက်သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံတွေက မိမိဌာနရဲ့ လုပ်ငန်းတာဝန်တွေကို AI အသုံးချပြီး ဆောင်ရွက်ရာမှာ အပြုအမူဆိုင်ရာနဲ့ ထိခိုက်မှုအန္တရာယ်လျှော့ချစေဖို့ နည်းပြပေးရပါမယ်။ ဒီလိုလုပ်ဆောင်ပေးခြင်းဖြင့် ဝန်ထမ်းတွေအကြား မိမိကိုယ်ကို အထင်ကြီးမှုလျှော့ချနိုင်သလို စမ်းသပ်ရဲတဲ့ သတ္တိနဲ့ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိတဲ့ ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပါတယ်။

(၃) **ဦးစီးခေါင်းဆောင်ရဲ့ပံ့ပိုးမှု။** အဖွဲ့အစည်းရဲ့ ဦးစီးခေါင်းဆောင်ကလည်း AI အသုံးချမှုအရေးကြီးပုံကို တရားဝင်အသိအမှတ်ပြုခြင်း၊ မူဝါဒချမှတ်ပေးခြင်းနဲ့ အရင်းအမြစ်ပံ့ပိုးခြင်းတွေ ပြုလုပ်ပေးရမှာဖြစ်ပါတယ်။

(ဃ) **အသိအမှတ်ပြုခြင်းနဲ့ ချီးမြှောက်ခြင်း။** AI ကို ရိုးရိုးသုံးတာထက် AI ရဲ့အကူအညီနဲ့ ရလဒ်ကောင်းဖန်တီးနိုင်သူတွေကို ထုတ်ဖော်ချီးမြှောက်ပေးခြင်းဖြင့် ဝန်ထမ်းတွေ လုပ်ငန်းခွင်အအောင်အသုံးချမှု စိတ်ထက်သန်စေရေး မြှင့်တင်ပေးရပါမယ်။

**လုပ်ငန်းခွင်မှာ AI ကို ထိရောက်စွာ အသုံးပြုခြင်းဆိုင်ရာ အဓိကအချက်များ**

လုပ်ငန်းခွင်မှာ AI ကိရိယာတွေကို အောင်မြင်စွာ အသုံးချနိုင်ဖို့အတွက် အောက်ပါရှုမြင်သုံးသပ်ချက်တွေကို အလေးထားသင့်ပါတယ်-

(က) **ဒေတာလုံခြုံရေးနဲ့ သီးသန့်တည်ရှိမှု။** Microsoft Copilot လို လုပ်ငန်းသုံး AI ကိရိယာအများစုဟာ ခိုင်မာတဲ့ဒေတာလုံခြုံရေးစနစ်၊ တရားဝင် သဘောတူစာချုပ်တွေနဲ့ ကိုက်ညီတဲ့ အစီအမံတွေကို ချမှတ်ထားပြီးဖြစ်ပါတယ်။ မိမိထည့်သွင်းလိုက်တဲ့ဒေတာကို စနစ်၏သင်ယူမှုအတွက် ပြန်လည်အသုံးပြုခြင်းမပြုလုပ်ရန် အကာအကွယ်ပေးထားပြီး မိမိလုပ်ငန်းရဲ့ စနစ်အတွင်းမှာသာ လည်ပတ်သုံးစွဲနေပါတယ်။ ဒါကြောင့် လုပ်ငန်းဆိုင်ရာ အရေးကြီးဒေတာတွေအတွက် တရားဝင်လုပ်ငန်းသုံး AI ဖြေရှင်းချက်တွေကိုသာ အသုံးပြုဖို့ အရေးကြီးပါတယ်။

(ခ) **AI ၏ အခန်းကဏ္ဍကို မှန်ကန်စွာသတ်မှတ်ခြင်း။** AI ကို သာမန် "ဖြတ်၊ ညှပ်၊ ကပ်" လုပ်တဲ့ ကိရိယာတစ်ခုအဖြစ် မရှုမြင်သင့်ဘဲ ပိုမိုထိရောက်သော လုပ်ငန်းစဉ်ကို ရှာဖွေစေတဲ့၊ ဆန်းသစ်တီထွင်မှုကို ထုတ်ဖော်စေတဲ့၊ လူသားရဲ့ဉာဏ်ရည်ကို မြှင့်တင်ပေးတဲ့ အားကောင်းသော အကူအညီတစ်ခုအဖြစ် ရှုမြင်ရပါမယ်။ AI က လုပ်ငန်းတစ်ခုကို အစအဆုံး အပြီးသတ်ပေးနိုင်ခြင်းမရှိသေးပေမယ့် ပိုမိုမြန်ဆန်၊ ပိုမိုသန့်ရှင်းပြီး ပိုမိုစနစ်ကျတဲ့ စာကြမ်း၊ အကြံဉာဏ် သို့မဟုတ် ကနဦးမူကြမ်းတွေကို ဖန်တီးပေးနိုင်ပါတယ်။ AI ကို မိမိအတွက် အလုပ်လုပ်ပေးသူအဖြစ်မဟုတ်ဘဲ မိမိရဲ့လုပ်ဆောင်မှုကို ပိုမိုမြန်ဆန် ထိရောက်စေသောအကူအဖြစ် သတ်မှတ်ခြင်းက လူသားနဲ့ AI ရဲ့ အခန်းကဏ္ဍကို မှန်ကန်စွာ ခွဲခြားပေးနိုင်မှာ ဖြစ်ပါတယ်။

> **AI ကို သာမန် "ဖြတ်၊ ညှပ်၊ ကပ်" လုပ်တဲ့ ကိရိယာတစ်ခုအဖြစ် မရှုမြင်သင့်ဘဲ ပိုမိုထိရောက်သောလုပ်ငန်းစဉ်ကို ရှာဖွေစေတဲ့၊ ဆန်းသစ်တီထွင်မှုကိုထုတ်ဖော်စေတဲ့၊ လူသားရဲ့ဉာဏ်ရည်ကိုမြှင့်တင်ပေးတဲ့ အားကောင်းသော အကူအညီတစ်ခုအဖြစ် ရှုမြင်ရပါမယ်။ AI က လုပ်ငန်းတစ်ခုကို အစအဆုံး အပြီးသတ်ပေးနိုင်ခြင်းမရှိသေးပေမယ့် ပိုမိုမြန်ဆန်၊ ပိုမိုသန့်ရှင်းပြီး ပိုမိုစနစ်ကျတဲ့ စာကြမ်း၊ အကြံဉာဏ် သို့မဟုတ် ကနဦးမူကြမ်းတွေကို ဖန်တီးပေးနိုင်ပါတယ်။ AI ကို မိမိအတွက် အလုပ်လုပ်ပေးသူအဖြစ်မဟုတ်ဘဲ မိမိရဲ့ လုပ်ဆောင်မှုကို ပိုမိုမြန်ဆန် ထိရောက်စေသောအကူအဖြစ် သတ်မှတ်ခြင်းက လူသားနဲ့ AI ရဲ့အခန်းကဏ္ဍကို မှန်ကန်စွာ ခွဲခြားပေးနိုင်မှာဖြစ်**

(ဂ) **လူသား၏ စစ်ဆေးမှုနဲ့ ကျွမ်းကျင်မှုပေါင်းစပ်ခြင်း။** AI က ထုတ်ပေးလိုက်တဲ့ရလဒ်က ဖတ်ရလွယ်ကူပြီး ချောမွေ့ပေမယ့် တစ်ကြိမ်တည်းနဲ့ ၁၀၀ ရာခိုင်နှုန်း မှန်ကန်ခြင်း မရှိနိုင်ပါ။ အလုပ်ရလဒ်ရဲ့ အရည်အသွေးအတွက် အရေးကြီးဆုံးအချက်ကတော့ AI ရဲ့ အမြန်နှုန်းကို လူသားရဲ့ ကျွမ်းကျင်မှု၊ တိကျသောစစ်ဆေးမှု၊ ဆုံးဖြတ်ချက်ပေးနိုင်မှုတို့နဲ့ ပေါင်းစပ်နိုင်ခြင်းပင် ဖြစ်ပါတယ်။

**အောင်မြင်မှု ဖော်မြူလာဆိုရာဝယ်**

AI ကို လက်တွေ့လုပ်ငန်းခွင်မှာ အသုံးချမှုလုပ်ငန်းစဉ် အောင်မြင်ဖို့အတွက် အဓိကသော့ချက်ကတော့ **"သုတပညာ + ယုံကြည်စိတ်ချမှု+ ပံ့ပိုးကူညီမှုရှိသော ပတ်ဝန်းကျင် = အပြုအမူပြောင်းလဲမှု"**ဆိုတဲ့ ဖော်မြူလာဖြစ်ပြီး **"စစ်မှန်သော အသွင်ကူးပြောင်းမှုဆိုတာ စိတ်ပိုင်းဆိုင်ရာဘေးကင်းပြီး အထောက်အကူပြုတဲ့စနစ်အတွင်းမှာ သုတပညာကို လက်တွေ့အသုံးချမှသာ ဖြစ်ပေါ်လာနိုင်တယ်"** လို့ အဓိပ္ပာယ်ရပါတယ်။

ယနေ့ခေတ်မှာ စမတ်ဖုန်းဖြင့်ပင် ပါဝါပွိုင့် ဖန်တီးနိုင်တာကြောင့် AI သုတပညာဟာ လက်လှမ်းမီနေပြီဖြစ်ပါတယ်။ AI ကို အသိပညာ စီမံခန့်ခွဲမှုကိရိယာနေရာထားပြီး ယင်းမှ တိကျသောသင်ယူမှုနဲ့ စဉ်ဆက်မပြတ်သင်ယူမှုတို့ကို ပြုလုပ်နိုင်ပါတယ်။ သတိပြုရမှာကတော့ AI မှ ထုတ်ပေးလိုက်တဲ့ရလဒ်တိုင်းကို ပထမဆုံး အကြံပြုချက်အဖြစ်သာ မှတ်ယူရပါမယ်။ ကျန်ရှိတဲ့ တရားဝင်အရင်းအမြစ်တွေနဲ့ မပျက်မကွက် ပြန်လည်တိုက်ဆိုင် စစ်ဆေးရမယ်ဆိုတာကိုတော့ မမေ့သင့်ပါ။

နိဂုံးချုပ်အနေဖြင့် **AI ကို လက်တွေ့လုပ်ငန်းခွင်၌ အောင်မြင်စွာ အသုံးချနိုင်ရန်အတွက် အဖွဲ့အစည်းအလိုက် စမ်းသပ်အကောင်အထည်ဖော်ခြင်းကို စတင်ရန် အချိန်ကျရောက်ပြီ**ဖြစ်ပါတယ်။ AI ကို ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်တစ်ဦးအဖြစ် သတ်မှတ်ကာ 'အဖွဲ့အစည်းရဲ့ အပြုအမူဆိုင်ရာ အတားအဆီးတွေကဘာလဲ'၊ 'AI ကို အသုံးပြုဖို့ ပိုမိုဘေးကင်းပြီး စိတ်အားတက်ကြွစေမယ့်အခြေအနေကို ဘယ်လိုဖန်တီးပေးမလဲ'၊ 'လုံခြုံစိတ်ချရသော စမ်းသပ်မှုတွေကို လုပ်ဆောင်ဖူးပြီလား'၊ 'ရွယ်တူချင်းသင်ကြားမှုကို ဘယ်လိုအကောင်အထည်ဖော်မလဲ'၊ 'သိမှုနဲ့ လုပ်နိုင်စွမ်းအကြား ကွာဟချက်ကို ပေါင်းကူးရန် အသေးဆုံး စမ်းသပ်ပြောင်းလဲမှုက ဘာဖြစ်မလဲ' စတဲ့ မေးခွန်းတွေကို စဉ်းစားဆန်းစစ် အဖြေရှာခြင်းဖြင့် ပြီးပြည့်စုံသောလုပ်ငန်းခွင် AI အသုံးချမှုလုပ်ငန်းစဉ်တစ်ရပ်ကို အနာဂတ်မှာ အကောင်အထည်ပေါ်လာအောင် ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိတို့မဲစာရင်းများ ပါ၊ မပါသိရှိနိုင်ရန် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့်အမည်စာရင်းနှင့် မဲစာရင်း၌ပါဝင်သည့်အမည်စာရင်း မှန်၊ မမှန်စိစစ်၍ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်းမပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။


လှည်းကူးမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ဆောင်ရွက်စဉ်။ ဝေယံ(ပြန်/ဆက်)


လက်ပံတန်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ချောင်းဦးမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


တောင်သာမြို့နယ်တွင် ဆောင်ရွက်စဉ်။ ကျော်မျိုးနိုင်(ပြန်/ဆက်)


ကသာမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)


အင်းစိန်မြို့နယ်တွင် ဆောင်ရွက်စဉ်။ ဖွဲ့ထက်ကို(ပြန်/ဆက်)


အောင်လံမြို့တွင် ဆောင်ရွက်စဉ်။ မျိုးသိန်း(ပြန်/ဆက်)


တောင်ဥက္ကလာပမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခင်ဆွေနှင်း(ပြန်/ဆက်)


တန့်ယန်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ မင်းလွင်ဦး(တန့်ယန်း)


ငါန်းဇွန်မြို့တွင် ဆောင်ရွက်စဉ်။ သက်နောင်ဦး(ငါန်းဇွန်)


ပေါင်းတည်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


အုတ်ဖိုမြို့နယ်တွင် ဆောင်ရွက်စဉ်။ အောင်သူ(ပြန်/ဆက်)


ပဲခူးမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၂၅ ရက်**

**သာ လိုတော့သည်။**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးနေမှုများ လိုက်လံကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေးအတွက် မဲစာရင်းများကို တစ်အိမ်တက်ဆင်းစနစ်ဖြင့် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးနေမှုများကို လိုက်လံကြည့်ရှုသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မင်္ဂလာဒုံမြို့နယ် တိုးချဲ့ရပ်ကွက် ပတ္တားမြားလမ်း၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ဗိုလ်တေဇလမ်းနှင့် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် အောဝမ်းလမ်း အောဝမ်းကွန်ဒိုတို့၌ တာဝန်ရှိသူများက မဲစာရင်းများ မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို (ပြန်/ဆက်)

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။



## မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ပြည်သူများ၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်းစနစ်ဖြင့် ကွင်းဆင်းစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့်အဖွဲ့၊ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့်အဖွဲ့၊ ပြင်ဦးလွင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့၊ ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများသည် တစ်အိမ်တက်ဆင်း မဲစာရင်းကောက်ယူပြုစုနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



နေပြည်တော် ပျဉ်းမနားမြို့နယ်၌ တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

မွန်ပြည်နယ် ရေးခရိုင် လမိုင်းမြို့နှင့် ခေါဇာမြို့တို့တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မဲဆန္ဒရှင်စာရင်း မှန်ကန်ပြည့်စုံစေရေး တစ်အိမ်တက်ဆင်းစနစ်ဖြင့် ဒီဇင်ဘာ ၁ ရက်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဌာနဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့ ကွင်းဆင်းဆောင်ရွက်စဉ်။

မင်းမင်း





မကွေးမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၅ ရပ်ကွက် ကျေးရွာအုပ်စု ၇၆ အုပ်စုတွင် မဲစာရင်းများ မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၈ ရက်မှစတင်ကာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ ဌာနများနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်သောမြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များ ပူးပေါင်းကာ ပြည်မြို့ပေါ်ရပ်ကွက်ကြီး ၁၄ ခုအပါအဝင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၆၉ အုပ်စုသို့ နိုဝင်ဘာ ၂၇ ရက်ကစတင်ကာ မဲစာရင်းများ အိမ်တိုင်ရာရောက် ကွင်းဆင်းစိစစ်ပေးစဉ်။

ခရိုင်(ပြန်/ဆက်)





ရွေးကောက်ပွဲတွင် ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေးအတွက် ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲအောင်မြင်ရေး လှုံ့ဆော်မှုလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ YBS ကားဂိတ်များနှင့် လူစည်ကားသည့်နေရာများ၊ ဈေးများ၊ အဆင့်မြင့်ကျောင်းများတွင် ဖြန့်ဝေပေးစဉ်။

လှလှထွေး(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပြင်ဦးလွင်မြို့ ဒိုးကွင်ဥယျာဉ်ခြံ ပန်းသုတေသနလုပ်ငန်းများနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင် ဒိုးကွင်ဥယျာဉ်ခြံ၏ သုတေသနပြု မျိုးစေ့ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။



**နှစ်အလိုက် ပိုမိုထုတ်လုပ်ပေးနိုင်ရေးကြိုးပမ်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ခြံအတွင်း မျိုးစေ့ထုတ်လုပ်ရန်နှင့် သုတေသနပြုလုပ်ရန် စိုက်ပျိုးထားသော ဒေသသစ်ခွပန်းများ၊ မေမြို့ပန်းများ၊ ဂန္ဓမာပန်းများ၊ ဒေလီယာပန်းများ၊ ဒေစီပန်းများ အပါအဝင် ပန်းမျိုးများကို သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုဖော်ထုတ်ရရှိသော ပန်းမျိုးသစ်များကို ပြင်ဦးလွင်ဒေသတစ်ဝိုက်ရှိ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာနှင့် မျိုးစေ့ဖြန့်ဖြူးရေးလုပ်ငန်းများကို နှစ်အလိုက် ပိုမိုထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းကြရန် တာဝန်ရှိသူများကို မှာကြားသည်။

၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ပြင်ဦးလွင်ခရီးစဉ် လမ်းညွှန်ချက်များအရ ပြင်ဦးလွင်မြို့တော်ကို ပန်းမြို့တော်ဖြစ်ပေါ်စေရေးအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော မေမြို့ပန်းမျိုးများ၊ နှင်းဆီပန်းများအပါအဝင် အခြားသော ပန်းမျိုးများအား သုတေသနပြုလုပ်၍ အရောင်အသွေးစုံ အပွင့်ပုံစံမျိုးစုံထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက် ဒေသမျိုးအချင်းချင်း မျိုးကူးစပ်ခြင်း၊ စုဆောင်းထားရှိသည့် ဒေသမျိုးများနှင့် ပြည်ပမျိုးများ မျိုးစပ်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒိုးကွင်ခြံသည် အကျယ်အဝန်း ၄၀ ဒသမ ၄၆ ဧကရှိပြီး ၂၀၂၂ ခုနှစ်မှစတင်၍ ဒေသသစ်ခွပန်းမျိုး စုဆောင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ သစ်ခွမျိုးပေါင်း ၁၀၃ မျိုး စုဆောင်းထားရှိပြီး တစ်သျှူးနည်းပညာဖြင့် မျိုးပွားများခြင်း၊ မင်္ဂလာဒုံသစ်ခွခြံ၊ ဘားလားသစ်ခွခြံတို့နှင့် သစ်ခွမျိုးစပ်ခြင်းသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မင်္ဂလာဒုံသစ်ခွခြံမှ မျိုးစပ်ထုတ်လုပ်သော သစ်ခွစပ်မျိုး ၁၂ မျိုးအား ပြင်ဦးလွင်ဒေသ ရေမြေအခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ စမ်းသပ်စိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း၊ နှင်းဆီမျိုးကွဲပေါင်း ၃၂ မျိုးအနက် ထူးခြားသည့် အရောင်၊ အပွင့်၊ ပုံစံနှင့် မွှေးရနံ့ရရှိစေရေး ရွေးချယ်မျိုးစပ်လျက်ရှိရာ စပ်မျိုးအတွဲပေါင်း ၂၀ တွဲ မျိုးစပ်ထားရှိကြောင်း၊ လာမည့်နှစ်တွင် အဆိုပါ စပ်မျိုးများအား အပင်အဖြစ်မွေးမြူ၍ ထူးခြားသည့် အနံ့၊ အပွင့်၊ အရောင်တို့ကို စိုက်ပျိုးရွေးချယ်ပြီး ဒေသတွင်း စီးပွားဖြစ်ခြံများသို့ မျိုးသစ်များ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်း ဒေသမျိုး မေမြို့ပန်းများအား တာရှည်ခံနိုင်ရေး၊ အပင် ပင်စည်တောင့်တင်းမှုရှိစေရေး၊ ရောင်စုံမျိုးသစ်များပေါ်ထွက်ရေး သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသတွင် ဖြစ်ထွန်းနိုင်သည့် ဒေစီပန်း၊ ကညွတ်ပန်း၊ ကျောက်ခက်ပန်း၊ ရေမွှေးပန်း၊ တိုးနရားပန်းအပါအဝင် ဒေသပန်းမျိုးစုံအား ဈေးကွက်ဝင်အရည်အသွေးဖြင့် မျိုးထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြုဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဒိုးကွင်ဥယျာဉ်ခြံမှ နှစ်စဉ် ဂန္ဓမာပန်းပျိုးပင် ခြောက်သိန်း၊ ကြက်မောက်ပန်း ပျိုးပင် ၅၀၀၀၊ ဒေလီယာပန်းပျိုးပင် ၂၀၀၀၊ ဒေစီပန်းပျိုးပင် ၁၂၀၀၊ ရေမွှေးပန်းပျိုးပင် ၁၅၀၀၊ သစ်ခွပန်း ပျိုးပင် ၁၅၀၀၊ မေမြို့ပန်းမျိုးစေ့များကို နှစ်စဉ်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နှစ်စဉ်ကျင်းပလျက်ရှိသော ပြင်ဦးလွင် ပန်းပြပွဲသို့လည်း မျိုးစေ့ပျိုးပင်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင်အား ပန်းမြို့တော်ဖြစ်စေရေးအတွက် နည်းပညာဖြန့်ဖြူးပေးခြင်း၊ မျိုးစေ့များ ဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကို ပညာရှင်များစုဖွဲ့၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ဉာဏ်ရည်တုနည်းပညာ နှီးနှောဖလှယ်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**




မြန်မာနိုင်ငံနှင့် ဉာဏ်ရည်တုနည်းပညာနှီးနှောဖလှယ်ပွဲ ပထမနေ့ကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပိုင်ဆယ်မြို့ရှိ ပိုင်ဆယ် အစိုးရအရာရှိများ ကောလိပ်၌ ကျင်းပရာ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ် အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) အမျိုးသား ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်) တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာယုဇန၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတကာဆက်ဆံရေးစင်တာ၌ ကျင်းပရာ ဒုတိယဝန်ကြီးနှင့် ဒုတိယအမြဲတမ်းကျောင်းအုပ်ကြီးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးအစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် နှစ်နိုင်ငံအေးအတူပူအမျှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အနာဂတ် အသိုက်အဝန်းကို အတူတကွ တည်ထောင်နိုင်ရေး၊ ယခုနှစ်၌ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး တည်ထောင်ခြင်း (၇၅)နှစ် ပြည့်မြောက်ပြီဖြစ်ရာ ရပ်ဝန်းနှင့် ပိုးလမ်းမကြီး စီမံကိန်းအပါအဝင် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်တင်ရေး၊ AI၊ EV၊ Smart Agriculture စသော ကဏ္ဍများတွင် နည်းပညာဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ထို့နောက် **“တရုတ်နိုင်ငံပုံစံ ခေတ်မီဖွံ့ဖြိုးရေး လမ်းစဉ်၏ သီအိုရီနှင့် လက်တွေ့ဆောင်ရွက်မှု”** ခေါင်းစဉ်ဖြင့် အထူးဟောပြောပွဲကို ကျင်းပရာ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံစီးပွားရေးကော်မတီဒုတိယဥက္ကဋ္ဌ Mr. Yang Cong က နောက်ခံသမိုင်းများ၊ အထူးဝိသေသလက္ခဏာများဖြစ်သည့် ပြည်သူလူထု တစ်ဦးမကျန် တန်းတူခေတ်မီဖွံ့ဖြိုးရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်း ညီညွတ်မျှတစွာ ပေါင်းစပ်ထားသော ခေတ်မီဖွံ့ဖြိုးရေး၊ လူနှင့်သဘာဝပတ်ဝန်းကျင် သဟဇာတဖြစ်သော ခေတ်မီဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းစွာ အတူတကွ ခေတ်မီဖွံ့ဖြိုးရေးနှင့် လမ်းစဉ်၏ မူလသဘာဝလိုအပ်ချက်များ၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်တို့အတွင်း တရုတ်နိုင်ငံ၏ GDP သည် နှစ်စဉ်ပျမ်းမျှ ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာသဖြင့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှု အညွှန်းကိန်းသည် နံပါတ်(၁၀)သို့ရောက်ရှိလာမှု၊ ပြည်သူ့လူမှုရေးလုံခြုံမှု ခိုင်မာစွာ အာမခံနိုင်မှုများ၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအောင်မြင်မှုများ၊ EV နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ဖြင့် အစိမ်းရောင်စွမ်းအင်သို့ ပြောင်းလဲအသုံးချကာ ဂေဟစနစ် သဘာဝပတ်ဝန်းကျင် အရည်အသွေးတိုးတက်မှု အရှိန်မြှင့်တင်လာမှုများ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ပြည်တွင်းပညာရှင်များဖြင့် ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု အဆင့်အတန်းကြီးမားစွာ မြင့်တက်လာခြင်း၊ ပြည်သူ့လူမှုဘဝ အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်လာခြင်းတို့ကို ဟောပြောဆွေးနွေးရာ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကောလိပ်ရှိ စာကြည့်တိုက်သို့ သွားရောက်လေ့လာပြီး **“တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာ အသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးစင်တာ ပလက်ဖောင်းကို အခြေခံ၍ ဉာဏ်ရည်တု ခေတ်အတွင်း တရုတ်-မြန်မာ အေးအတူ ပူအမျှ အသိုက်အဝန်း ထူထောင်ရေးကို အားပေးမြှင့်တင်ခြင်း”** ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဟောပြောပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပြည်သူ့အစိုးရ ဒုတိယအထွေထွေအတွင်းရေးမှူးနှင့် တရုတ်-အာဆီယံ သတင်းအချက်အလက် ဆိပ်ကမ်း တည်ဆောက်ရေးရုံး ညွှန်ကြားရေးမှူးချုပ် Mr. Zhao Zhigang က တရုတ်နိုင်ငံ၏ AI ဆန်းသစ် တီထွင်မှုများနှင့် လူတိုင်း အကျိုးခံစားရေး အစီအစဉ်၊ ကွမ်ရှီး AI ဖွံ့ဖြိုးမှုနှင့် လက်တွေ့ ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် AI ပူးပေါင်းဖွံ့ဖြိုးရေး အကြံပြုချက်များ၊ လာအိုနှင့် ဗီယက်နမ် နိုင်ငံတို့အတွက် အမျိုးသားအဆင့် AI မော်ဒယ် တည်ဆောက်ခဲ့မှုများ၊ အလားတူ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် တည်ဆောက်နေမှု၊ တရုတ် AI မော်ဒယ်များ၏ အတွေးအခေါ်စနစ်၊ AI ဖွံ့ဖြိုးမှုနှင့် ယှဉ်ကျေးမှုရှင်သန်ရေးပြဿနာ၊ တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာအသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးစင်တာ တည်ထောင်ခြင်း၊ AI ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် စီမံခန့်ခွဲမှုအခြေအနေများ၊ ကွမ်ရှီးဒစ်ဂျစ်တယ်အရင်းအမြစ်စုစည်းမှုနှင့် ဒစ်ဂျစ်တယ်အစိုးရ စီမံခန့်ခွဲမှုစနစ်ဖွဲ့စည်းပုံ၊ မြောက်ပိုင်းပင်လယ်ကွေ့ဒေတာဈေးကွက်ဗဟိုဌာန၊ ကွမ်ရှီးဒေတာထုတ်ကုန်စာရင်း၊ တရုတ်-အာဆီယံ ဥပဒေဆိုင်ရာမော်ဒယ်၊ ဒစ်ဂျစ်တယ်အစိုးရထူထောင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် ဒေတာစနစ်၏အခြေခံအုတ်မြစ်ကို ပူးပေါင်းတည်ဆောက်ခြင်း၊ နယ်စပ်ဖြတ်ကျော်၍ ဒေတာနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ဟောပြောဆွေးနွေးရာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံရှိ AI အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ပြန်လည်ဆွေးနွေးခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လူမှုဘဝမြှင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် (၁၆/၂၀၂၅)**

၁။ ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မသန်စွမ်းသူများသည် အမြင်အာရုံ၊ အကြားအာရုံ၊ ကိုယ်အင်္ဂါစိတ်ပိုင်းနှင့် ဉာဏ်ရည်ဆိုင်ရာ စသည့် ချို့ယွင်းအားနည်းမှုတစ်ခုခုနှင့် မသန်စွမ်းမှုတစ်မျိုးမျိုးကို ကြုံတွေ့ခံစားနေရသူများဖြစ်သော်လည်း အချို့ကဏ္ဍများ၌ သာမန်ထက်ပင် စွမ်းဆောင်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူများကို ကာကွယ်ပေးရန်၊ ကူညီပေးရန်နှင့် မြှင့်တင်ပေးရန်အလို့ငှာ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၇/ ၃) ဖြင့် နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၃၃)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အားလုံးကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ မွေးရာပါ လူသားဂုဏ်သိက္ခာအား လေးစားရန်တို့ကို ရည်ရွယ်၍ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities–CRPD) ကို အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံတော်က မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်) ကိုလည်း ပြဋ္ဌာန်းထားပါသည်။

၄။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေးနှင့်စပ်လျဉ်း၍ မသန်စွမ်းသူများသည် မွေးရာပါ အခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည့်အပြင် လူမှုအသိုက်အဝန်းတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုမရှိစေရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်ကလည်း မသန်စွမ်းသူများ၏ အခွင့်အရေးများအား ကဏ္ဍစုံတွင် လက်လှမ်းမီရရှိနိုင်စေရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ၊ သင်ခန်းစာပို့ချမှုများတွင် ထည့်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား မျက်မမြင်လက်စမ်းဘာသာ စာအုပ်ပြုစုထုတ်ဝေခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CRPD) အား ဘာသာပြန်ဆို၍ ထုတ်ဝေခြင်းအပါအဝင် စာအုပ်စာတမ်းများ ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ထို့ပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် မသန်စွမ်းသင်တန်းကျောင်းများသို့ သွားရောက်၍ မသန်စွမ်းသူများ၏ အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးကာ အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့နှင့်လည်း ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ထားသော ဆောင်ပုဒ်ဖြစ်သည့် **"လူမှုဘဝမြှင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး – Fostering disability inclusive societies for advancing social progress"** နှင့်အညီ ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်နိုင်ရေး သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်**

# (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာသက်ခိုင်ဝင်း၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ကူညီဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက (၂၄)ကြိမ်မြောက်ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရောဂါရှာဖွေကုသနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်စေရန်၊ ပြည်သူလူထုအနေဖြင့် ပတ်ဝန်းကျင်ရှိအပင်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံကို သိရှိနိုင်စေရန်၊ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ ရိုးရာတိုင်းရင်းဆေးပညာနည်းစနစ်များ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အားလုံးဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကတည်းက ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကို ယခုညီလာခံနှင့် နှီးနှောဖလှယ်ပွဲများမှ ကြိုးပမ်းဆောင်ရွက်သွားရန် စီစဉ်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့ သက်ဆိုင်ရာအခန်းကဏ္ဍများတွင် လစ်ဟာမှုမရှိအောင် အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက နှီးနှောဖလှယ်ပွဲကြီးအောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ယခုနှစ်ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်သွားမည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြရာ ဦးစီးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီနှင့် နတ်တလင်း ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်များအလိုက် ဒီဇင်ဘာလတစ်လလုံး စနေနေ့တိုင်း စုပေါင်းလမ်းလျှောက်ပွဲများ ဆောင်ရွက်ရာတွင် နေ့ချင်းပြီးဆုပေးနိုင်သည့် အားကစားပြိုင်ပွဲများ ထည့်သွင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူလူထုကိုလည်း ကျန်းမာရေးအတွက် အထောက်အကူပြုသည့် ကိုယ်လက်လှုပ်ရှားလမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး နှိုးဆော်အသိပေးသွားရမည် ဖြစ်ကြောင်းနှင့် လမ်းလျှောက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ပြည့်စုံကောင်းမွန်စေသည့် စွယ်စုံရသည့် လေ့ကျင့်ခန်းတစ်ခု ဖြစ်သောကြောင့် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဒီဇင်ဘာလအတွင်း စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပသွားမည့် လုပ်ငန်းစီမံချက်နှင့် ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီနှင့် နတ်တလင်း ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ဒီဇင်ဘာလ လူထု လမ်းလျှောက်ပွဲ ကျင်းပဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းလုပ်ငန်းများ အလုံးစုံပြီးစီးရေး ဆွေးနွေး




**နေပြည်တော် ဒီဇင်ဘာ ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဖွဲ့အစည်း Rostec ၏ ကိုယ်စားလှယ် Mr. Pavel E. Saplin နှင့် Tyazhpromexport (TPE) Co., Ltd. မှ Chief Engineer Mr. Aleksandr Senin တို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ရှိ လေသန့်စင်အလုပ်ရုံ လည်ပတ်နိုင်ရေးအတွက် TPE Co., Ltd. မှ အင်ဂျင်နီယာ ပညာရှင်များ လာရောက်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ လေသန့်စင် အလုပ်ရုံရှိ ကွန်ပရက်ဆာများ စမ်းသပ်လည်ပတ်ခဲ့မှု၊ လေသန့်စင်အလုပ်ရုံတွင် ပိုက်လိုင်းများ သန့်ရှင်းရေး ပြုလုပ်ရန်အတွက် လိုအပ်သော ဓာတုပစ္စည်းများနှင့် ရေငွေ့စုပ်ယူ ဖယ်ထုတ်ပစ္စည်း (Molecular Sieve) များ အချိန်မီရောက်ရှိရေး၊ လေသန့်စင်အလုပ်ရုံ တစ်ခုလုံးအား သတ်မှတ်အချိန်အတွင်း စမ်းသပ် လည်ပတ်မောင်းနှင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လေသန့်စင်အလုပ်ရုံမှ ဆေးဝါးသုံး အောက်ဆီဂျင်များ ထုတ်လုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်နည်းပညာ တက္ကသိုလ် (National University of Science and Technology – MISiS) နှင့် Stalproekt Co., Ltd. တို့မှ ပါမောက္ခ၊ ပညာရှင်များလာရောက်၍ ရီးမတ် နည်းပညာအသုံးပြု သံရည်ကျိုအလုပ်ရုံ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်မည့် အခြေအနေ၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်း လုပ်ငန်းများ အလုံးစုံပြီးစီးရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ငွေကြေးအကူအညီ အထောက်အပံ့ရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ စီမံကိန်းကြီးကြပ်မှု ကော်မတီအဖွဲ့များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဒေါ်နုမြဇံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက် အထွေထွေညီလာခံ၊ တတိယအကြိမ်မြောက် ကောင်စီအစည်းအဝေးများတက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက် အထွေထွေညီလာခံ၊ တတိယအကြိမ်မြောက် ကောင်စီအစည်းအဝေးနှင့် ဆက်စပ်ပြပွဲများ၊ အစီအစဉ်များသို့ တက်ရောက်ခဲ့သည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက်တွင် ချုံချင့်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ အစည်းအဝေးများကို ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

**တက်ရောက်**

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိပြီး နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် China’s National Cultural Heritage administration and Executive Secretary – General of the Alliance for Cultural heritage Conservation in Asia(ACHA) မှ Deputy Director General Mr Xie Bing ဦးဆောင်သော ACHA မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် China Three Gorges Museum သို့ လေ့လာရေးသွားရောက်ခဲ့ရာ အဆိုပါပြတိုက်တွင် ချုံချင့်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သော Dazu ကျောက်ဂူနံရံပေါ်ရှိ ကျောက်ဆစ်လက်ရာများ အထူးပြပွဲကိုလည်းကောင်း၊ Three Gorges (ယန်စီမြစ်၊ မြစ်ဝါမြစ်အပါအဝင် မြစ်သုံးမြစ်ဆုံရာဒေသ)တွင် တာတမံပြုလုပ်ရာမှ ထွက်ပေါ်လာသော ခေတ်အဆက်ဆက် ရှေးဟောင်းပစ္စည်းများပြခန်းကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့ကြသည်။ ညနေပိုင်းတွင် ACHA မှ တာဝန်ရှိသူများက တည်ခင်းဧည့်ခံသည့် Welcome Dinner သို့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် အာရှယဉ်ကျေးမှု အမွေအနှစ်များ မဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက် အထွေထွေညီလာခံကို ချုံချင့်မြို့ရှိ Liangjiang Hall, Chongqing Yuelai International Conference Centerတွင် ကျင်းပခဲ့ရာ Culture and Tourism of China, Administrator of the National Cultural Heritage Administration မှ Vice Minister Mr. Rao Quan က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ဖိတ်ကြားထားသည့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံတွင် ACHA မှ တာဝန်ရှိသူများက အမှာစကားများပြောကြားကြပြီး နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံကို ကိုယ်စားပြု၍ ဒုတိယဝန်ကြီးက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နေမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံက သဗ္ဗညုဘုရားကို MoU ရေးထိုး၍ ပြုပြင်ထိန်းသိမ်းပေးနေမှု၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ရန်ပုံငွေဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/ မန္တလေး)တို့မှ ပန်းချီ ပန်းပု နှီးနှောဖလှယ်ပွဲများ၊ ရုပ်သေးပြပွဲများ၊ ရုပ်ရှင်နှင့် ဖလင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့မှုနှင့် မန္တလေးလျှင်ကြီးကြောင့် ပြိုကျပျက်စီးသည့် မန္တလေးနန်းမြို့ရိုး၊ အင်းဝပြတိုက်နှင့် မန္တလေး၊ အင်းဝပတ်ဝန်းကျင်မှ ဘုရား၊ ပုထိုးအချို့ကို တရုတ်ပညာရှင်များက လာရောက်ကွင်းဆင်းမှတ်တမ်းတင် အကြံပြုခဲ့ကြမှုများကို တင်ပြဆွေးနွေးခဲ့သည်။ အလားတူ အာရှတိုက်တစ်ခုလုံးရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ Net Work ထားရှိရန်ကိစ္စ အပါအဝင် အကြံပြုချက်များကိုလည်း ဆွေးနွေးခဲ့သည်။


တတိယအကြိမ်မြောက် ACHA ကောင်စီအစည်းအဝေးကို မွန်းလွဲ ၃ နာရီတွင် Joy Hall, Chongqing Yuelai International Conference Center ၌ ကျင်းပရာ Secretary – General of ACHA, Mr Kong Vireak က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ACHA အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုဝင်ဘာ ၂၇ ရက် ညပိုင်းတွင် ACHA ညီလာခံ ကိုယ်စားလှယ်များအား ယန်စီမြစ်အတွင်း အပျော်စီးသင်္ဘောဖြင့်လှည့်လည်ပြသပြီး တရုတ်ယဉ်ကျေးမှုများကို ဖော်ပြသော Drone Show ဖြင့် လည်းကောင်း၊ တရုတ်ရိုးရာ အကအလှများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

နိုဝင်ဘာ ၂၈ ရက်တွင် ချုံချင့်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သော Dazu ကျောက်ဂူနံရံပေါ်ရှိ ကျောက်ဆစ်လက်ရာများတည်ရှိရာ Cultural Heritage sites in Dazu District သို့သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ မီတာဖတ်ရှုနေမှုများ ကွင်းဆင်းကြပ်မတ်စစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်၊ ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက လှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ နိုဝင်ဘာလအတွက် မီတာဖတ်ရှုနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့နယ်ရုံးသို့ ရောက်ရှိစဉ် ဓာတ်အားပျောက်ဆုံးမှု အခြေအနေများ၊ ဓာတ်အားခကြွေးကျန် အခြေအနေများ၊ မီတာဖတ်ရှုနေမှုအခြေအနေများနှင့် ဖီဒါအလိုက် ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မီတာများ ဖတ်ရှုရာတွင် ပိုဖတ်/လိုဖတ်မဖြစ်စေရေး၊ နိုင်ငံတော်မှရသင့်ရထိုက်သည့် ဓာတ်အားခများ ပြည့်ဝစွာ ကောက်ခံရရှိရေး တာဝန်ရှိသူ အဆင့်ဆင့်တို့က စစ်ဆေးကြပ်မတ်ဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားသည်။

ထို့နောက် လှိုင်မြို့နယ်အတွင်း ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးအတွက် ခရိုင်စုဖွဲ့ စီမံချက်ဖြင့် စီးပွားရေးလုပ်ငန်းသုံး Analog Power Meter များကို အဆင့်မြင့် Digital Power Meterများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြို့မမြောက်ရပ်ကွက်နေ ကျော်ဝင်းနိုင် (၄၆)နှစ်သည် ၎င်းအသုံးပြုသည့် “Kyaw Win Naing” Facebook အကောင့်ဖြင့် လူမှုကွန်ရက် စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင် လွဲမှားစေရန် ရေးသား လှုံ့ဆော်ခဲ့ကြောင်း ဖော်ထုတ် ဖမ်းဆီးရမိသဖြင့် ၎င်းအား နိုဝင်ဘာ ၃၀ ရက်တွင် ရေနံချောင်း မြို့မရဲစခန်း (ပ)၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၇ ရက် ည ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆိပ်ကြီးဦးမြငါးစင်ရပ်ကွက် ဦးမြအပိုင်ဖွံ့ဖြိုးရေးလမ်းနှင့် ကွက်သစ်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်အား ဖျက်ဆီးသွားသူ အဆိုပါရပ်ကွက်နေ သိသာဆို(၃၀)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား နိုဝင်ဘာ ၂၈ ရက်တွင် စက်ဆန်း နယ်မြေရဲစခန်း (ပ)၁၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၈ ရက်တွင်သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ ခိုင်စိုး (၅၈)နှစ်သည် ၎င်းအသုံးပြုသည့် “Khaing Soe” Facebook Account ဖြင့် Messenger တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား ပျက်ပြားစေရန်နှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် စာသားများရေးသား ပြောဆိုထားသည်ကို ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းအား နိုဝင်ဘာ ၂၈ ရက်တွင် သန်လျင်မြို့မရဲစခန်း (ပ)၄၃၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး သရက်မြို့ တောင်မင်းတည်း ရပ်ကွက်နေ အခြေခံပညာ အလယ်တန်းကျောင်း(ပိသလိမ်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအေး၏ လက်ကိုင်ဖုန်းသို့ ဖုန်းအမှတ် ၀၉ ၆၇၃၅၆၂၀၇၈ နံပါတ်ဖြင့် “ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆရာမကြီးကျောင်းက မဲရုံတာဝန်ရှိသူများကိုပါ ကြိုတင်သတိပေးတာပါ”ဟု ခြိမ်းခြောက်စာ ပေးပို့ခဲ့သဖြင့် အဆိုပါ ခြိမ်းခြောက်စာရေးသားပေးပို့ခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၉ ရက်တွင် သရက်မြို့မရဲစခန်း (ပ)၈၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၁၆ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (သိမ်ဇရပ်)မှ ဆရာမကိုးဦးသည် ကျိုက်ထိုမြို့၌ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း တက်ရောက်ရန် မော်တော်ယာဉ်ဖြင့်သွားစဉ် ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာ တိုးဂိတ်အနီးအရောက်၌ သံချောင်း ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက် သမားများက မော်တော်ယာဉ်အား တားဆီးကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဆရာမများအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်း မပြုလုပ်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် သံချောင်း ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား နိုဝင်ဘာ ၂၅ ရက်တွင် သိမ်ဇရပ် နယ်မြေရဲစခန်း (ပ)၁၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ရေလဲကျေးရွာအုပ်စုနှင့် နတ်သံကွင်းကျေးရွာအုပ်စုတို့မှ ကျေးရွာ တာဝန်ခံများအား တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ရင်းတိုက်ကုန်းကျေးရွာသို့ ခေါ်ဆောင်ကာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆန္ဒမဲပေးခြင်းမပြုလုပ်ရန် ခြိမ်းခြောက် ပြောဆိုခဲ့သဖြင့် တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့အား နိုဝင်ဘာ ၂၅ ရက်တွင် ကျောက်ကြီးမြို့မရဲစခန်း (ပ)၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ၂၃(ခ) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၂ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာမြင့်၏ လက်ကိုင်ဖုန်းသို့ ဖုန်းအမှတ် ၀၉၂၅၁၈၈၈၆၂၂ ဖြင့် “ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခြင်း မပြုရန်နှင့် သတိနဲ့နေပါ”ဟု ခြိမ်းခြောက်ခဲ့သဖြင့် ထိုသို့ခြိမ်းခြောက်ပြောဆိုခဲ့သူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၈ ရက်တွင် ဟားခါးမြို့မရဲစခန်း (ပ)၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၃ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ်ကွက်နှင့် ရမ်ပူရပ်ကွက် အဝင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၆ ရက်တွင် မြစ်ကြီးနားမြို့ နယ်မြေရဲစခန်း (ပ)၂၂၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရေချိုကုန်းကျေးရွာ ရာအိမ်မှူး ဦးမြင့်စိုး၏ နေအိမ်ခြံဝင်းအတွင်းသို့ “ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန်” ခြိမ်းခြောက်ရေးသားထားသည့် ခြိမ်းခြောက်စာ တစ်စောင် လာရောက်ပစ်ချသွားခဲ့သဖြင့် အဆိုပါခြိမ်းခြောက်စာ ပစ်ချခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၇ ရက်တွင် ကန်ဘက်နယ်မြေရဲစခန်း (ပ)၅၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်ကျားကလေးသွား ကားလမ်းနှင့် ခရားအတွင်းကျေးရွာ ရွာအဝင် လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီး ခံထားရသဖြင့် ဖျက်ဆီးခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၅ ရက်တွင် ဇာသပြင်နယ်မြေရဲစခန်း (ပ)၂၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် (၁၂၁) လမ်းနှင့် (၆၀)လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၆ ရက်တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ)၂၂၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၆ ရက်တွင်ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ အမှတ်(၂)ရပ်ကွက် မြို့ပတ်လမ်းနှင့် ထန်းတောင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၇ ရက်တွင် ငွေဆောင် နယ်မြေရဲစခန်း (ပ)၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အေးကျွန်းကျေးရွာနေ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေလင်းထက် (၃၇)နှစ်သည် နေအိမ်၌ မိသားစုနှင့်အတူ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား သုံးဦး (စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဦးဝေလင်းထက်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဖမ်းဆီးသွားသည့် PDF အမည်ခံ အကြမ်းဖက်သမား သုံးဦး(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၉ ရက်တွင် ပခုက္ကူမြို့မရဲစခန်း (ပ)၁၇၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာ လမ်းလေးဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၃၀ ရက်တွင် ကျွန်းစုမြို့မရဲစခန်း (ပ)၄၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အထက်မြန်မာပြည် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ အထက်မြန်မာပြည်ဂေါက်သီးအဖွဲ့ချုပ် ဆပ်ကော်မတီမှတာဝန်ရှိသူများနှင့် ရွှေမန်းတောင် ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကို၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးထွန်းထွန်းဦး၊ ဦးစိုး၊ ဦးအေးကိုတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် အမျိုးသား ၂၀၈ ဦး၊ အမျိုးသမီး ၈၀ စုစုပေါင်း ၂၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဒီဇင်ဘာ ၂ ရက်မှ ၄ ရက် အထိ သုံးရက်ကြာ ပြုလုပ်မည်ဖြစ်သည်။

**သတင်း – ချစ်ကိုကို၊ ဓာတ်ပုံ – MG**



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးစဉ်။

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်ဦးမြို့နယ် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်-တောင်ဇင်းဘူတာအကြား တံတားအမှတ် (၁၅၇) အနီး ရထားသံလမ်းပျက်စီးမှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ကျောက်ပန်းတောင်း လမ်းပိုင်းအတွင်း စုတည်ဘူတာနှင့် တောင်ဇင်းဘူတာအကြား သံလမ်း ပြေးယာဉ် RGC 103 ဖြင့် ရထားလမ်းပိုင်းအား ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် သွားရောက်စစ်ဆေးစဉ် မိုင်တိုင် ၃၈၁/၁၅-၁၆ ကြား ပေ ၂၀ အရှည်ရှိ သံပေါင်တံတား အမှတ် (၁၅၇) အနီးတွင် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရထား သံလမ်းအရှေ့ဘက်ခြမ်း သံလမ်းဖိနပ် တစ်ပေခန့် ပဲ့ထွက်ပျက်စီးခြင်းနှင့် ဇလီဖား သုံးတုံး ကျိုးပဲ့နေကြောင်းတွေ့ရှိရသဖြင့် စုတည်-တောင်ဇင်း ရထားလမ်းပိုင်းအား နံနက် ၁၀ နာရီ ၁၆ မိနစ်ခန့်တွင် ယာယီပိတ်ထား ခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာ ရထားလမ်းနေရာသို့ နယ်မြေ ဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် နယ်မြေရှင်းလင်း စစ်ဆေးဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအားအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သံလမ်းအား ဖြတ်တောက်လဲလှယ်၍ အစားထိုးတပ်ဆင်ခြင်း၊ လမ်းပြုပြင်ခြင်းများကို အမြန်ဆုံးပြုပြင် ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၅၁ မိနစ်ခန့်တွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် ရထားကြန့်ကြာမှုမရှိ ကြောင်းနှင့် လမ်းပိုင်းအတွင်း အပတ်စဉ်ပြေးဆွဲလျက်ရှိသည့် ရန်ကုန်-ပုဂံ အမှတ်(၆၁)အဆန် လူစီးရထားနှင့် အမှတ်(၆၂)အစုန် ပုဂံ-ရန်ကုန် လူစီးရထားများ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက် တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း ၈၃ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း ၁၇၉ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ် နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက်ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့် မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ တံတား အမှတ် ၁၅၇ အပေါ်၌ ရထားသံလမ်းပြုပြင်နေမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ ပေ ၂၀ အရှည် သံပေါင်တံတားပေါ်၌ ရထားသံလမ်းပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ တံတား အမှတ် ၁၅၇ အပေါ်၌ ရထားသံလမ်းပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

# ပြည်ကြီးတံခွန်မြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၄၇၈၀ တန်ဖိုးနှင့် မိုင်းပျဉ်းမြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ကြီးတံခွန် မြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၄၇၈၀ တန်ဖိုးနှင့် မိုင်းပျဉ်းမြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ဖြစ်မှုကျူးလွန်သူ အိုက်ငို့နှင့် ဂျက်လီ(ခ) ယာဖိုတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် (ဃ) ရပ်ကွက် ၆၂ လမ်းနှင့် ၁၁၆ လမ်းထောင့်တွင် ရဲပြည့်စုံအောင် ၂၇ နှစ်၊ အောင်မင်္ဂလာ (၁)ရပ်ကွက် ပုသိမ်ကြီးမြို့နယ်နေသူ မောင်းနှင်ပြီး ရဲမင်းအောင် ၃၄ နှစ်၊ CL-1 Star City အိမ်ရာ သန်လျင်မြို့နယ်နေသူ လိုက်ပါလာသော YGN-36 2L-xxxx TOYOTA MARK II အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့နှစ်ဦး သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် ကက်တမင်း သုည ဒသမ ၀၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်လေးသိန်း) နှင့် HAPPY WATER ၃ ဒသမ ၉၈ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၄၇၇၆ သိန်း)တို့အား သိမ်းဆည်းရမိသဖြင့် ရဲမင်းအောင်နှင့် ရဲပြည့်စုံအောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်းပျဉ်းမြို့နယ် တုံတာမြို့ ရပ်ကွက်(၄)အနီးတွင် အိုက်ငို့ (၃၃)နှစ် နမ့်မွဲကျေးရွာ နမ့်ရှူ ကျေးရွာအုပ်စု မိုင်းပျဉ်းမြို့နယ် နေသူ မောင်းနှင်ပြီး ဂျက်လီ(ခ) ယာဖို တိလွယ်ကျေးရွာ နောင်ကွဲ ကျေးရွာအုပ်စု မိုင်းပျဉ်းမြို့နယ် နေသူ လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၄၀၀) သိမ်းဆည်းရမိသဖြင့် အိုက်ငို့နှင့် ဂျက်လီ(ခ)ယာဖိုတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဒီဇင်ဘာ ၂

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း၊ ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် တောင်-အနောက် တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီတွဒ် ၁၂ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၀ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီ ကမ်းခြေတို့သို့ ဦးတည်ရွေ့လျားနိုင်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ကရင်ပြည်နယ်အတွင်း ငရုတ်ကောင်း၊ ကော်ဖီ၊ နေကြာ၊ ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၆/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်စီးပွားရေးအတွက် အလားအလာကောင်းသော ငရုတ်ကောင်း၊ ကော်ဖီ၊ နေကြာ၊ ကြက်သွန်နီတို့ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဝင် ပြည်နယ်အဆင့် တာဝန်ရှိသူများက ယခင် (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်



လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ကော်ဖီ၊ ငရုတ်ကောင်း၊ ကြက်သွန်နီတိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံအာမခံထားရှိနိုင်ရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ကာလတူ နှိုင်းယှဉ်ချက်၊ သီးနှံအထွက်နှုန်းနှင့် မြေဆီလွှာပြုပြင်ဆောင်ရွက်မှု၊ မျိုးစေ့ထုတ်လုပ်ငန်းများ နည်းပညာပေးစံပြကွက်များ မျိုးစေ့ဖြန့်ဖြူးထားရှိမှုနှင့် တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးပေးထားမှု၊ မွေးမြူတိရစ္ဆာန်ကောင်ရေ၊ အသား၊ ငါး၊ ဥထုတ်လုပ်မှုစားသုံးမှုဖူလုံမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တာဝန်ရှိသူများက သက်ဆိုင်ရာ ခရိုင်များအလိုက် လယ်ယာ၊ သားငါးကဏ္ဍ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကာ တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



# ကျား/မအခြေပြု အကြမ်းဖက်မှုပပျောက်ရေးအသိပညာပေး

ပုသိမ် ဒီဇင်ဘာ ၂

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် ကျား၊ မ အခြေပြုအကြမ်းဖက်မှုပပျောက်ရေးအသိပညာပေး အစီအစဉ်ကို ဒီဇင်ဘာ ၂ ရက်က အထက(၆) ပုသိမ်မြို့ ပမ္မဝတီခန်းမ၌ ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့်တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့မှူး၊ ပုသိမ်နယ်မြေစခန်းမှူးနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးတို့က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❖

# သံဖြူဇရပ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်

သံဖြူဇရပ် ဒီဇင်ဘာ ၂

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဌေးခိုင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ကျိုက္ခမီမြို့ မြို့လယ်ဓမ္မာရုံ၌ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး ကျိုက္ခမီမြို့ပေါ် (၆)ရပ်ကွက်နှင့် မြမာလာကျေးရွာရှိ ပြည်သူစုစုပေါင်း ၁၂၄ ဦးအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဟသ်ာတမြို့နယ်၌ ဆောင်းဆီထွက်သီးနှံနေကြာ စိုက်ပျိုးပွဲပြုလုပ်



ဟသ်ာတ ဒီဇင်ဘာ ၂

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတမြို့နယ် ဒူးယားမြို့ အမှတ် (၃)ရပ်ကွက်ရှိ တောင်သူဦးကြည်စိုး၏ လယ်မြေ သုံးကေ၌ ဒီဇင်ဘာ ၂ ရက်က ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ပျိုးပွဲပြုလုပ်သည်။

အဆိုပါ နေကြာစံပြကွက် စိုက်ပျိုးပွဲတွင် ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးမြင့်၊ ဟသ်ာတမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ အတွင်းရေးမှူး ဦးစောဝင်းရွှေတို့ဦးဆောင်ကာ နေကြာစံပြကွက်စိုက်ပျိုးပွဲ တက်ရောက်လာသူများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ ရေဆင်းစပ်မျိုး(၁)၊ ဆီထွက်သီးနှံ ဆောင်းနေကြာအား အစေ့ချစိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ ဗဟန်းဈေးနှင့် ဗိုလ်ချိုဈေးတို့တွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအား ဒီဇင်ဘာ ၂ ရက်က ဗဟန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးသူရဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်စဉ်။ ဗလ

# မိတ္ထီလာမြို့နယ်အတွင်း သမဝါယမအသင်းများ၏ မိုးစပါးရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး

မိတ္ထီလာ ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများသည် မကျီးပင်ပုကျေးရွာ မကျီးပင်ပု(အရှေ့)စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ဦးဌေးဝင်း၏ လယ်မြေ ငါးကေတွင် ဧရာမင်းစပါးများ ရိတ်သိမ်းနေမှုကို ယမန်နေ့က ကြည့်ရှုအားပေးသည်။

ထို့နောက် တာဝန်ရှိသူများသည် မကျီးပင်ပု(အရှေ့) စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတွင် အသင်းသားတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး အသင်းသားတောင်သူ ၁၆ ဦး ၏ မိုးစပါး ၆၅ ဧက စိုက်ပျိုးထားရှိမှု



အပေါ်တွင် အသင်းသားတောင်သူများအနေဖြင့် စပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် အထွက်တိုးမျိုးကောင်းမျိုးသန့်များ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်ရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# ဓနုဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်

ဓနုဖြူ ဒီဇင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုဝင်ဘာလအတွင်း ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက အမှတ်(၉)ရပ်ကွက်ရှိ ဘန်ဂါလီစွန်နီဂျာဗလီခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များက ပြည်သူစုစုပေါင်း ၄၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

■

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ငါးလုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ အလုံး ၂၀ ထပ်မံချိပ်ပိတ်သိမ်းဆည်း




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ – မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော တစ်ထပ်အားကစားရုံ တစ်လုံး၊ နှစ်ထပ် KTV အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်လူနေအဆောက်အအုံ နှစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ငါးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ အလုံး၁၄၀ ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၈၈ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ အလုံး ၂၀ ကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၆၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀၊ Star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံကို ချိပ်ပိတ် သိမ်းဆည်းမှုမှတ်တမ်းဓာတ်ပုံ။



တရားမဝင် ပြည်ပနိုင်ငံသားများကို လွှဲပြောင်းပေးစဉ်။

ကရင်ပြည်နယ် မြဝတီမြို့– ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၈ ဦး၊ ကင်ညာနိုင်ငံသား ၃၇ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၃၆ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ ဂါနာနိုင်ငံသား နှစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦးနှင့် ဘီနင်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၄၁၁ ဦးတို့အား ယနေ့တွင် မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ၎င်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၆၀၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

**✳ မြန်မာ့လက်ရွေးစင်မှ**

အိမ်ရှင်ထိုင်းအပါအဝင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှား ငါးသင်းသာယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ပတ်လည်စနစ်ဖြင့် ကျင်းပကာ အမှတ်အများဆုံး အပေါ်မူတည်၍ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်သည်။ မြန်မာအသင်းသည် ထိုင်းနိုင်ငံသို့ ဒီဇင်ဘာ ၈ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲကစားရန် စီစဉ်ထားသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၁၅ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ထိုင်းအသင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းတွင် အုပ်ချုပ်သူ– ဦးနိုင်သောင်းထိုက်၊ နည်းပြချုပ်– ပတ္တာရားပီခွန် (ထိုင်း)၊ နည်းစနစ်အကြံပေး–ဦးဌေးမြင့်၊ လ/ထနည်းပြ–ဦးဇော်ရဲမောင်၊ ကြံ့ခိုင်ရေးနည်းပြ– တာဝမ် (ထိုင်း)၊ ဂိုးနည်းပြ– ဆိုကန်သီကာ (ထိုင်း)၊ အားကစားသမားများအဖြစ် ဂိုးသမား – မိုင်းစိုးမြတ်ထွေး (MIU)၊ ကျော်ဇင်မျိုးဦး (YRG)၊ မျိုးကိုကိုဦး (MIU)၊ ကစားသမား – မျိုးမြင့်စိုး၊ ကိုကိုလွင်၊ နိုင်လင်းထွန်းကျော် (YRG)၊ မင်းခန့်၊ သက်ထွန်း၊ မင်းခန့်သူ၊ ဆက်ဝေယံ၊ စိုင်းပြုံးအောင်၊ ထူးဝေယံ၊ ထွန်းအောင်ကျော် (MIU)၊ အောင်ကျော်ဖြိုး၊ ငြိမ်းမင်းစိုး (YCDC Dream Team)၊ ထွန်းထွန်းဝင်း (ပြည့်စုံ FC)တို့ ပါဝင်ကြသည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာရှိသာသနာ့ဗေယျာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၆၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။





ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၀ ဦး၊ ခွဲစိတ်ရောဂါ ၃၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၀၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၄၅ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၄၆ ဦး စုစုပေါင်း ဒေသခံပြည်သူ ၅၆၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာကိုးဦး၊ မျက်စိခွဲစိတ်ကုသလူနာငါးဦး၊ သွားနုတ်/သွားဖာ ၁၉ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ Ultra-sound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်ထားသော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကျောင်းသားကျောင်းသူများအား သွားနှင့်ခံတွင်း ရောဂါအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြော ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

ကျွန်တော့် နာမည်က ဦးတင်ဆန်းဖြစ်ပါတယ်၊ ကျွန်တော်က ဘီတွတ်ရွာမမှာပဲနေတာပါ။ နံရိုးနာကျင်ကိုက်ခဲမှုရယ်၊ မျက်လုံးရယ်လာပြတာပါ။ အဆင်ပြေပါတယ်၊ တိုက်ရိုက်လာလုပ်တဲ့အတွက် စရိတ်ကအစ သက်သာတာရယ်၊ ကျန်းမာရေးဝန်ဆောင်မှုတွေ ကောင်းမွန်တာကြောင့် အများကြီး ဝမ်းသာပါတယ်။ သွားပြရမယ်ဆိုရင် ခရီးစရိတ်၊ စားစရိတ်၊ သွားစရိတ်တွေက အများကြီး အခက်အခဲရှိတယ်။ လူမျိုးလည်းမခွဲခြားဘူး၊ လူတန်းစားလည်း မခွဲခြားဘူး၊ ကုသရတဲ့နေရာကလည်း ကျယ်ဝန်းတယ်။ ဧည့်ခံကြိုဆိုမှုနဲ့ ဆရာဝန်ကြီးတွေရဲ့ နွေးထွေးစွာ စောင့်ရှောက်မှုတို့ကြောင့် လူတွေအားလုံးက လာကြတာ၊ ဦးစီးလုပ်ဆောင်ပေးကြတဲ့ ဒီကနယ်လှည့်ဆေးကုသရေးအဖွဲ့တွေ၊ဆရာဝန်ကြီးတွေအားလုံးကို ကျွန်တော်တို့ ကျေးရွာသူကျေးရွာသားများ ကိုယ်စား ကျွန်တော်က အများကြီးကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

○ **ကျောဖုံးမှ**

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်နိုင်ငံအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် မလေးရှားနိုင်ငံအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ဗီယက်နမ်နိုင်ငံအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုကဲ့သို့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ဘက်နိုင်ငံအသင်းများကို အနိုင်မခံ၊ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးမည့် ဆုတံဆိပ်များ ဆွတ်ခူးရရှိရေးအတွက် ကြိုးပမ်းလေ့ကျင့်နေမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းမှ နည်းပြနှင့် အားကစားသမားများ၏ ရင်တွင်းစကားသံများ၊ အားကစားချစ်ပရိသတ်များ၏ ရင်ခုန်မျှော်လင့်မှု စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။



Mr.Uki Tetsuro



ဝင်းသိင်္ဂီထွန်း



စန်းသော်သော်

**Mr.Uki Tetsuro (အသင်းနည်းပြချုပ်-ဂျပန်)**

ကျွန်တော်တို့အသင်းအနေနဲ့ ပြိုင်ပွဲတိုင်းမှာ နောက်ဆုံးအချိန်အထိ အားမာန်အပြည့်နဲ့ ပါဝင်ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီးတော့ ခံစစ်ကောင်းကောင်းကနေ တိုက်စစ်ကို တန်ပြန်ကစားနိုင်အောင် သေချာပြင်ဆင်ထားပါတယ်။ အသင်းအနေနဲ့ နည်းပြ၊ အုပ်ချုပ်သူ ၁၁ ဦး၊ ကစားသမား ၂၃ ဦးနဲ့ စုစုပေါင်း ၃၄ ဦး သွားရောက်မှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် ပြင်ဆင်မှုဆိုရင် ပထမဆုံး လူရွေးချယ်ရာမှာ ကစားသမားတွေကိုခေါ်ယူပြီး မျှမျှတတ ယှဉ်ပြိုင်မှုကနေတစ်ဆင့် ရွေးချယ်ခဲ့ပါတယ်။ အပြီးသတ်လူရွေးချယ်မှု မထုတ်ပြန်မီမှာလည်း နည်းပြဆရာတွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီး သေချာစဉ်းစားပြီးတော့ လူရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ပြင်ဆင်ချိန်အနေနဲ့ပြောရရင် အသင်းအနေနဲ့ ဂျပန်က ပြန်လာပြီး အာဆီယံပွဲမှာ ပြိုင်ခဲ့တယ်။ အာဆီယံပွဲပြီးတဲ့အခါ ဆက်လက်လေ့ကျင့်မှုတွေနဲ့ ဆီးဂိမ်းအတွက် အသင့်ပြင်ဆင်ခဲ့ပါတယ်။ အမျိုးသမီးဘောလုံးပြိုင်ပွဲမှာ Group နှစ်ခုရှိပြီး ကျွန်တော်တို့ Group မှာ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့ ပါပါတယ်။ ပြိုင်ဘက်အသင်းတွေရဲ့အခြေအနေကို သုံးသပ်ပြီး ကြိုတင်ပြင်ဆင်ထားတယ်။ သူတို့ဘက်ကလည်း ကျွန်တော်တို့နဲ့ ယှဉ်ပြိုင်ဖို့ အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားမှာဖြစ်တဲ့အတွက် လွယ်ကူတဲ့ ပြိုင်ပွဲတော့ မဟုတ်ပါဘူး။

ဒါကြောင့် ပွဲတိုင်းကို သေချာပြင်ဆင်ပြီး ယှဉ်ပြိုင်ကစားသွားမှာပါ။ မြန်မာပရိသတ်တွေဟာ အသင်းအပေါ်ကို မျှော်လင့်ချက်ထားတာကြောင့် နောက်ဆုံးမိနစ်အထိ ပွဲတိုင်းမှာ မဆုတ်မနစ်နဲ့ အစွမ်းကုန်ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်။ အမြဲတမ်း မြန်မာအမျိုးသမီးအသင်းအပေါ်ကို နွေးနွေးထွေးထွေးနဲ့ အားပေးစကားတွေ ပြောကြားမှုအပေါ် အထူးကျေးဇူးတင်ပါတယ်။ အခုလိုအရေးကြီးတဲ့ ပြိုင်ပွဲရှိလာပြီဆိုရင် ပရိသတ်ရဲ့ အားပေးမှုဟာ အသင်းအတွက် ခွန်အားများစွာရရှိစေပါတယ်၊ ပွဲတိုင်းမှာ အကောင်းဆုံး ယှဉ်ပြိုင်ကစားသွားမယ်၊ ပရိသတ်တွေရဲ့ အားပေးမှုကိုလည်း စောင့်မျှော်နေပါတယ်။

**ဝင်းသိင်္ဂီထွန်း**

**(ရှေ့တန်းတိုက်စစ်မှူး၊ ကျောနံပါတ်-၇)**

ဆီးဂိမ်းပြိုင်ပွဲမှာ အသင်းအနေနဲ့ တစ်သင်းစီတိုင်းကို အာရုံစိုက်ပြီး ကျော်ဖြတ်သွားမှာပါ။ ယှဉ်ပြိုင်ရမယ့်အသင်းတွေဟာ ခြေမကွာကြဘူး။ ဒါကြောင့် ပွဲတိုင်းကို အာရုံစိုက်ပြီး ကြိုးစားရပါမယ်။ အုပ်စုတက်ဖို့အတွက် အားသွန်ခွန်စိုက် ဟန်ချက်ညီညီ စည်းစည်းလုံးလုံးနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ဘယ်အသင်းကိုမှ လျှော့မတွက်ထားပါဘူး။

နိုင်ငံကိုယ်စားပြု မြန်မာအမျိုးသမီးအသင်းကို တာဝန်ကျေစွာ အားပေးနေကြတဲ့ နိုင်ငံတစ်ဝန်းက ချစ်ပရိသတ်ကြီးကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲနေ့တွေမှာ ထိုင်းမှာဖြစ်စေ၊ ကိုယ့်နိုင်ငံက ရုပ်သံလိုင်းတွေကနေ တစ်ဆင့်ဖြစ်စေ အားပါးတရ ခွန်အားဖြည့်အားပေးကြပါလို့ ဖိတ်ခေါ်ဂါရဝပြုပါတယ်။ ဆီးဂိမ်းကနေ ကျွန်တော်တို့တွေ နားထောင်နေမှာပါ။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးယှဉ်ပြိုင်ပြီး ပရိသတ်တွေလိုချင်တဲ့ ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်အောင် ကြိုးစားပေးသွားပါ့မယ်။

**စန်းသော်သော်**

**(ရှေ့တန်းတိုက်စစ်မှူး၊ ကျောနံပါတ် -၈)**

ပြိုင်ပွဲအတွက် သင်တန်းနည်းပြတွေနဲ့အတူ သေသေချာချာ ပြင်ဆင်ထားပါတယ်။ အကောင်းဆုံးစွမ်းဆောင်မှုနဲ့ ယှဉ်ပြိုင်သွားမှာပါ။ မြန်မာအမျိုးသမီးအသင်းကို အားပေးကြတဲ့ ပရိသတ်အားလုံးကို ဒီကနေ ဂါရဝပြုပါတယ်။ ဘောလုံးအားကစားဆိုတာ အသင်းအဖွဲ့ပုံစံနဲ့ ယှဉ်ပြိုင်ကစားရတာဖြစ်တဲ့အတွက် အားပေးရာမှာ တစ်ဦးတစ်ယောက်တည်းကို မဟုတ်ဘဲ အားလုံးကို မျှဝေပြီး အားပေးခြင်းဟာ အောင်မြင်မှုပန်းတိုင်ကို ပိုပြီးခိုင်မာစေပါတယ်။ အားပေးမှုဟာ အသင်းအတွက် အသက်ပါပဲ။ မြန်မာပြည်က ချစ်ပရိသတ်တွေအတွက် ရာနှုန်းပြည့် အနိုင်ရရှိအောင် အဓိကထားအာရုံစိုက်ထားပါတယ်။

**သဲဆုမွန်၊ အေးသီကျော်၊ နီဘိုဘိုကျော်**

**(ကြိုဆိုကြသည့် ပရိသတ်များ)**

ဆီးဂိမ်းပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်ကြမယ့် အမျိုးသမီးဘောလုံးအသင်းကို အားပေးဖို့ မနက် ၄ နာရီကတည်းက လေဆိပ်ကို ရောက်နေတာပါ။ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်မှုနဲ့ နိုင်ငံတကာနဲ့အညီ ရင်ပေါင်တန်း လုပ်ဆောင်နိုင်မှုကို လေးစားတာကြောင့်ပါ။ ပြည်တွင်းပြိုင်ပွဲမဟုတ်ဘဲ အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲဆိုတော့ ပြိုင်ပွဲဝင် တခြားနိုင်ငံတွေကို ကျော်ဖြတ်ပြီး ဆုတွေအသီးသီးနဲ့ပြန်လာရင် အကောင်းဆုံးကြိုဆိုဖို့ ပြင်ဆင်ထားပါတယ်။

မြန်မာအမျိုးသမီးဘောလုံးအသင်းက အားကစားသမားအားလုံးကို အားပေးပါတယ်၊ အထူးသဖြင့် မေထက်လူနဲ့ ဇွန်ယုယဦးကို ပိုပြီးသဘောကျပါတယ်။ ဖြစ်နိုင်ရင် ထိုင်းနိုင်ငံအထိ လိုက်ပါပြီး အားပေးချင်တာပါ။ အခုလိုအသင်းလိုက်တွေ့ရတော့ စိတ်လှုပ်ရှားပြီး ပျော်ရပါတယ်။ ပြန်လာရင်လည်း အားပါးတရ ကြိုဆိုမှာပါ။ သူတို့လည်း အစွမ်းကုန်ကြိုးစားသွားကြမှာ ဖြစ်တဲ့အတွက် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်တွေနဲ့ ရွှေရောင်လွှမ်းပါစေလို့ ဆုတောင်းပေးပါတယ်။ ထိခိုက်ဒဏ်ရာလည်း ကင်းပါစေ။

မြန်မာအမျိုးသမီးဘောလုံးအသင်းကို ချစ်ပါတယ်။ သူတို့ကို အပြစ်ပြောတာ မကြိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်အရာမှ လွယ်လွယ်ကူကူ ရလေ့မရှိတာကို သိသင့်ပါတယ်။ ဒါကြောင့် အမှားလေးတွေရှိရင် နားလည်ခွင့်လွှတ်ပြီး ဆုတံဆိပ်တွေနဲ့ အတူတူ ပြန်လာချိန်အတွက် ကြိုတင်ပြင်ဆင်ပြီး အားပေးသွားကြဖို့လိုပါတယ်။ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲထဲမှာ နိုင်ငံကိုယ်စားပြုဆိုတာ အင်မတန် တာဝန်ကြီးတယ်ဆိုတာ သူတို့က ပိုပြီးသိပြီးသားပါ။ ကျွန်မတို့အဖွဲ့ကတော့ အားပါးတရ အားပေးကြမှာပါ။ သူတို့အတွက်လည်း ဂုဏ်ယူတယ်။ မြန်မာအမျိုးသမီးတွေအနေနဲ့ ကြိုးစားရင် ကြိုးစားသလောက် အကျိုးရှိတယ်ဆိုတာ အမျိုးသမီး ဘောလုံးအသင်းကို စံနမူနာယူလို့ရပါတယ်။

**တွေ့ဆုံမေးမြန်း - သစ္စာ(MNA)**

**ဓာတ်ပုံ - ဇွဲမာန်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ဂရန်အမည်ပေါက် ဦးအောင်ကျော်ညွန့် နှင့် ဒေါ်မြင့်သန္တာ တို့အား အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ လူနေရပ်ကွက်အမှတ်– FMI City အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်– (၈၅)၊ အကျယ်အဝန်း ($\frac{၈၁}{၇၉}$x$\frac{၈၁}{၇၉.၆}$)ပေ၊ ဧရိယာ (၀.၁၄၇)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ်– (FG–74)၊ စိမ်းလဲ့ကန်သာလမ်း၊ (၄) ရပ်ကွက် ၊ FMI CITY အိမ်ရာရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးအောင်ကျော်ညွန့် [၁၂/ဒဂတ(နိုင်)၀၀၆၁၈၆] နှင့် ဒေါ်မြင့်သန္တာ [၁၂/ဒဂန(နိုင်)၀၀၆၁၈၇] (ယခုနေရပ်လိပ်စာမသိ)သူများထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးသန်းလှိုင် (၁၁/ပတန(နိုင်)၀၇၉၉၅၅)က အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဦးစိုးသန်းလှိုင်မှ ဂရန်အမည်ပေါက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စာချုပ်ပါကတိအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်အတွက် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း (၁၀–၁၂–၂၀၂၅)ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လူကြီးမင်းတို့ဘက်မှ တစ်စုံတစ်ရာဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးစိုးသန်းလှိုင် [၁၁/ပတန(နိုင်)၀၇၉၉၅၅]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ဝင်းဖြူ တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၂၈၄)**
**အမှတ်– ၄၆ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ –၂၅၁၁၀၃၃၃၄**

## အသိပေးကြော်ငြာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၊ မြေကွက်အမှတ်–၇၆၉၊ မြေကွက်တည်နေရာ အမှတ်– ၇၆၉၊ ဗိုလ်ဖိုးဝင်း(၃)လမ်း၊ ၃–ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးစိုးမောင် [၁၂/ဥကတ(နိုင်)၀၄၂၇၀၀] အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားဂရန်ခြကိုက်ပျက်စီးသွားကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာ၊ နှစ်(၆၀)ဂရန်၊ မြေငှားဂရန်ခြကိုက် (ပျက်စီး) နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ကန့်ကွက်ရန်ရှိ/မရှိ သီးခြားသတင်းစာကြော်ငြာခြင်းတို့ ဆောင်ရွက်ခဲ့ရာ ကန့်ကွက်မှုမရှိပါသဖြင့် အမည်ပေါက် ဦးစိုးမောင်၏ ဂရန်မိတ္တူလျှောက်ထားလာမှုအား ခွင့်ပြုပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေစာရင်းတွင် အမှုတွဲအမှတ်– ဒဂရ/ဂရသ–၁၀၃၈၊ ၂၀၁၂(၁၄–၃–၂၀၁၂)ဖြင့် အမည်ပေါက် ဦးစိုးမောင် [၁၂/ဥကတ(နိုင်)၀၄၂၇၀၀] အမည်ဖြင့် (၁၈–၆–၂၀၁၄)ရက်နေ့တွင် ထုတ်ပေးထားသော နှစ်(၆၀) မြေငှားဂရန်စာချုပ်(ဂရန်)မူရင်းအား ရုံးတွင်းအမိန့်မှတ် (၃၈၁၆/၂၀၂၅)ဖြင့် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ်(၁၂/၁၃)၊ အခန်းအမှတ်–ဒါဘာ၊ ၅–လွှာ(ခြေရင်းခန်း) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ပေx ၅၀ပေ)ရှိ ရေ+မီးစုံလင်စွာပါရှိသော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပါဝင်သည်။**

ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား တိုက်ခန်းအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူ ဒေါ်လှလှတင် [၁၁/ရဗန(နိုင်)၀၅၇၃၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၇၀၀)**
**09–426779993**
**E–5၊ Sagawar Street/FMI City . Hlaingtharyar.**

**တရားမပုံစံအမှတ် ၃၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၇၇

| | | |
|---|---|---|
| ဦးအောင်ကျော်ဦး | နှင့် | ၁။ ဦးကျော်တေဇ<br>၂။ ဦးသန့်ဇင်ဦး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် (၂၇)နေ (၁) တရားပြိုင် ဦးကျော်တေဇ(ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက် ၊ နီလာလမ်း ၊ အမှတ် (၂၂)နေ (၂)တရားပြိုင်ဦးသန့်ဇင်ဦး (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

တရားလို ဦးအောင်ကျော်ဦးက သင့်အပေါ်တွင် **လေလံဆွဲဝယ်ယူခဲ့သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၊ (၁၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၉၊ နီလာလမ်း၊ မြေကွက်အမှတ်–၂၂၊ မြေကွက်နှင့်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၉၊ နီလာလမ်း ၊ အိမ်အမှတ်–၂၂၊ မြေကွက်အမှတ်(၇၆/က)တို့သည် တစ်ကွက်တည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု**ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ (၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ နံနက်(၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ နှင့်သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၂၀၁)၊ မြေကွက်တည်နေရာ အမှတ်(၂၀၁)၊ ကန်တော်မင်္ဂလာလမ်း၊ ၂၀ ရပ်ကွက်၊ ဒဂုံတောင် ဒေါ်မြမြသန်း (AA– 081484) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မြမြသန်း ဇနီးဖြစ်သူသည် (၁၄– ၁၁–၁၉၉၄)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ခင်ပွန်းဖြစ်သူ ဦးသန်းမြင့် [၁၂/ဗဟန(နိုင်) ၀၃၅၆၀၇]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူခင်ပွန်းဖြစ်ကြောင်း၊ ဇနီးဖြစ်သူတွင် မိမိမှလွဲ၍ အခြားသော ခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၁၇၂၈(၉–၁၀–၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ဇနီးသေစာရင်းမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှား စာချုပ်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်သွပ်မိုး ပျဉ်ကာ(၁)လုံး ကိုယ်တိုင်နေထိုင်ပြီး ဦးသန်းမြင့်မှ ကွင်းဆင်းသိ ရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ် (၅၄၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၄၀/ခ)၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံတောင် ဒေါ်တင်မြင့် (PAK– 065107) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်တင်မြင့် ညီမဖြစ်သူသည် (၁၆–၁၁–၂၀၁၇)ရက်နေ့တွင် လည်းကောင်း၊ အစ်မဖြစ်သူ ဒေါ်ကြွက်သည် (၁၉–၁၁–၂၀၁၈)ရက်နေ့တွင် လည်းကောင်း အပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်ခဲ့ပါသည်။ ဖခင် ဦးပန်းမွေးနှင့် မိခင် ဒေါ်အုန်းစိန်တို့သည် ညီအစ်မ(၃)ဦးကို မွေးဖွားခဲ့ပြီး မိမိညီမ(၃)ဦးမှလွဲ၍ အခြားမွေးချင်းမရှိပါကြောင်း၊ အခြားသော ကိတ္တိမသားသမီးတစ်ဦးတစ်ယောက်မျှ မွေးစားထားခဲ့ခြင်းမရှိပါ ကြောင်း၊ ဒေါ်တင်မြင့်နှင့် ဒေါ်ကြွက်တို့ မကွယ်လွန်မီကလည်း ကိတ္တိမသား/သမီးအဖြစ် တစ်ဦးတစ်ယောက်မျှ မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ ကျန် အစ်မဖြစ်သူ ဒေါ်လှရီ [၈/ပမန(နိုင်) ၀၂၉၀၇၄]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အထက်ပါ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူအစ်မဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၁၉၂၆ (၁၃–၁၀–၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ဒေါ်တင်မြင့် သေစာရင်း၊ ဒေါ်ကြွက် သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ် အုတ်ညှပ်(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဒေါ်လှရီမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ဦးစိုးဝင်းအောင် မှတ်ပုံတင်အမှတ် [၁၂/ဥကမ(နိုင်)၁၆၈၃၄၁] မြေခွန်ပြေစာ အမည်ပေါက်သော ရန်ကုန်မြို့၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၅၇၄)၊ မြေဧရိယာ (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ၎င်းတွင်စွဲကပ်ဆောက်လုပ်ထားသော အဆောက်အဦတစ်လုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်စန်းဝင်း မှတ်ပုံတင်အမှတ် [၁၂/ဥကမ(နိုင်) ၁၀၉၄၆၈]မှ ရောင်းချရန်ကမ်းလှမ်းလာမှုအပေါ် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိမ့်မျက်ခြယ်ကျော်**
**အထက်တန်းရှေ့နေ (စဉ်– ၄၃၂၆၄)**
**အမှတ်(၃၂၉)၊ ဂန္ဓမာလမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၅၃၁၂၁၉၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဗညားဒလ)၊ မြေကွက်အမှတ်(၁၁၆၈)၊ အတိုင်းအတာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၁၆၈)၊ အနော်ရထာ(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ဒေါ်စကီနာ (CK–၀၁၈၀၅၈) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (မိခင်)၊ (ဖခင်) ဦးဘဇော်များ(ခ)လူပုတို့ အသီးသီးကွယ်လွန်ပြီး ၎င်းတို့တွင် ၁။ အလီ(ခ)ဦးအောင်လင်း၊ ၂။ ဒေါ်နူရဂျား(ခ)ဒေါ်နူရဂျာ၊ ၃။ အမီယာ(ခ)ဒေါ်မူမူ၊ ၄။ ဦးဆိုဖီတို့ သား/သမီး (၄)ဦးရှိသည့်အနက် ဦးဆိုဖီသည် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်မောင်နှမများမှ တရားဝင်အမွေဆက်ခံခွင့်ရှိသော သား/သမီး၊ ညီ/အစ်ကို မောင်နှမများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်၊ ဦးဘဇော်များ(ခ)လူပု ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း ပြန်ကြားစာတို့တင်ပြ၍ အလီ(ခ)ဦးအောင်လင်း [၁၂/ဒလန(နိုင်)၀၉၈၀၇၁၄]၊ ဒေါ်နူရဂျား(ခ)ဒေါ်နူရဂျာ (Q/RGN–၀၁၁၅၂၅)၊ အမီယာ(ခ)ဒေါ်မူမူ [၁၂/ဒလန(နိုင်) ၀၉၄၃၅၁] တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) (ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်(သောကြာနေ့)ညတွင် ခေတ်ပြိုင်ရ ရေဒီယိုတေးသီချင်းများကို လက်ဆင့်ကမ်းတင်ဆက်မှုအနေဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်ခေတ်ပြိုင်ရကွန္တဝင်အဆိုတော်ကြီးများနှင့် တက်သစ်စအဆိုတော်များစုပေါင်း၍ **"ဆောင်းနတ်မယ်"** လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

**(၅–၁၂–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ဆောင်းနတ်မယ်" လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဒေါသစိတ်ကလေး ၃၆၀ မိနစ် | ပြင်ပအဆိုရှင် |
| ၂။ | မောင်မောင့်အပေါ်ထားတဲ့မေတ္တာ | ပြင်ပအဆိုရှင် |
| ၃။ | တကယ်ချစ်ရဲ့လား | ပြင်ပအဆိုရှင် |
| ၄။ | ဆောင်းနတ်မယ် | ပြင်ပအဆိုရှင် |
| ၅။ | ချစ်သောမောင် | ပြင်ပအဆိုရှင် |
| ၆။ | တို့များအရွယ်ညောင်းခဲ့ရင် | ပြင်ပအဆိုရှင် |
| ၇။ | ချစ်သူချိန်းတော့လာမှာပေါ့ | ပြင်ပအဆိုရှင် |
| ၈။ | ပျော်ပျော်ရွှင်ရွှင်ပြုံးပန်းဆင် | ပြင်ပအဆိုရှင် |
| ၉။ | ဖူးစာလမ်းဆုံ | ပြင်ပအဆိုရှင် |
| ၁၀။ | လူမရောက်လွှာမစေ | ပြင်ပအဆိုရှင် |

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၀၉၄)၊ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးအာကာထွန်း[၁၂/လသန(ပြု)၀၀၀၁၅၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ( ၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ အမှတ်(၁၀၉၄) ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်တို့နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ မြေကွက်အပါအဝင်အကျိုးခံစားခွင့်တို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအာကာထွန်း[၁၂/လသန(ပြု)၀၀၀၁၅၉]ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင်အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း LL.B, D.I.L** | **ဒေါ်တင်တင်ခိုင် LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၂၁၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၀၀၈)** |

**အမှတ် (၁၃/ခ)၊ ၈–လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၈၀၂၅၉၉၃၊ ၀၉–၉၇၈၉၄၀၀၆၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ မင်းတပ်လမ်း၊ မြေကွက်အမှတ် – သကမ(၁၃)(၃၃၀ /ခ)၊မြေအမည်ပေါက်– ဦးသန်းတင် ပါမစ် မြေဧရိယာ အကျယ်အဝန်း (၂၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ကြပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းမင်းနိုင် [၁၄/ကလန(နိုင်) ၀၀၀၃၈၃]နှင့် ဒေါ်ဥမ္မာမြင့် [၁၄/ဘကလ(နိုင်) ၁၄၆၂၇၅]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းတင့်ကြည် [၈/စလန(နိုင်)၀၉၄၄၃၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကျော်ဝင်းနိုင်(LL.B, D.B.L, DIT)** | **ဒေါ်မိမိထိုက် (LL.B)** |
| **(စဉ်– ၁၇၇၆၄)** | **(စဉ်– ၁၇၈၅၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၁၅)၊ ဗိုလ်တာရာလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့)ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၁၁၃၀၇၄၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀–က)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၂၁/ခ) ဟုခေါ်တွင်သော မြေအလျားxအနံ (၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးထွန်းထွန်းနိုင်** [၈/ပခက(နိုင်)၁၆၁၄၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးနိုင်ရဲဝင်း** [၉/အမဇ(နိုင်) ၀၂၃၁၇၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၄၆၅/၂၇–၄–၂၀၁၇)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း– ၀၉–၄၂၀၁၀၇၇၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြိုင်သာယာလမ်း၊ မြေကွက်အမှတ်(၄၇၉/ခ)ဟုခေါ်တွင်သော ဦးခင်မောင်လတ်(CE-၁၀၇၇၅၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း(၂၀x၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၀x၆၀)ပေရှိမြေကွက်အမှတ်(၄၇၈/က)နှင့်ကပ်လျက် (ဂရန်မိတ္တူခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်ထက်ထက်ကျော်[၁၂/ဒဂမ(နိုင်)၀၀၁၂၅၂]မှ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမြင့် [၁၂/ဗဟန(နိုင်)၀၅၀၁၂၀]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝတ်ရည်ဖြူ(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၄၉၉)**

**အမှတ်(၉၀၇)၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၆၂၄၇၉၉၆၅**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ အမှတ်(၁)ရပ်ကွက်၊မြဝတီလမ်း၊ မြေကွက်အမှတ်(၄၄) ဧရိယာ(၂၅ပေXပေ၆၀)ရှိ ဂရန်မြေနှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာ

အဆိုပါမြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးသန်းရွှေ [၁၂/တမန(နိုင်)၀၄၂၃၈၀]အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ် (၄၅ ပေ x ပေ ၆၀)ရှိ ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ဘယ်ဘက်ခြမ်း (၂၅ ပေ x ပေ ၆၀)ကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူထားသော ဒေါ်ဖြူဖြူဝင်း [၁၂/ဥကတ(နိုင်)၁၅၆၆၂၇] နှင့် ဒေါ်မာလာသိန်း [၁၂/ဥကတ(နိုင်)၁၅၆၆၂၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာရီ [၁၂/ဥကမ(နိုင်)၀၁၂၇၈၆]က ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်မြင့်သိန်း(မော်ကျွန်း) အထက်တန်းရှေ့နေ (စဉ်–၆၄၃၇/၁၉၈၀)**

**အမှတ်(၉၅၈)၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**

**ဖုန်း–၀၉–၇၈၇၂၁၇၈၄၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊၂၅/သာဇီအနောက်၊ဦးပိုင်အမှတ်(၃၇)၊ဧရိယာ(၀.၀၅၆)ကေရှိဦးမြင့်သောင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ ကွယ်လွန်သဖြင့် အမွေဆက်ခံခွင့်ရှိသော ဇနီးဖြစ်သူ ဒေါ်ကြည်အေး[၉/ပမန(နိုင်) ၀၁၇၄၉၄] မှ နှစ်(၃၀) မြေငှားစာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ်(၂၂၇/၂၀၂၅)၊ သေဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြီး **အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူ မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/တိုးချဲ့)၊ မြေကွက်အမှတ်(၁၃၅+၁၃၆)၊ မြေကွက်တည်နေရာအမှတ်(၁၃၅)၊ ဦးကြင်ဥလမ်း၊ (၃၂/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗိုလ်မှူးကြီးရွှေမျိုး [၈/ပခက(နိုင်)၀၁၀၈၆၆] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဗိုလ်မှူးကြီးရွှေမျိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြင့်စိန် [၁၄/ပသန(နိုင်)၁၄၈၂၇၈] မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ၎င်းသာလျှင် တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား)**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ်(၃၁၆)ဟု ခေါ်တွင်သော မြေအလျား x အနံ(၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အလယ်ခြမ်း (၁၀x၆၀)ပေရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးတက်တိုး (BQ-၀၀၆၂၆၉)နှင့်ဇနီး ဒေါ်မြင့်မြင့်သိန်းတို့ ကွယ်လွန်သဖြင့် ကျန်ရစ်သည့် သားသမီးများထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဦး [၁၂/စခနနိုင်)၀၂၆၆၄၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်မျိုးဆွေ [၉/မလန(နိုင်)၁၆၆၅၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝါဝါခိုင် LL.B,D.B.L, D.I.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၆၅/၂၇–၄–၂၀၁၇)**

**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း–၀၉–၄၂၀၁၀၇၇၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်–၂၀၊ ရွှေပေါက်ကံ၊ မြေကွက်အမှတ်–၂၉၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၉)၊ မြင်စိုင်းလမ်း၊ ၂၀၊ ရွှေပေါက်ကံ၊ ဦးကိုဦး[၁၂/ဥကမ(နိုင်)၁၄၉၈၃၅]၊ ဒေါ်အေးအေးမော်[၁၂/ဥကမ(နိုင်)၁၄၉၈၃၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ပိုင်ဆိုင်စာချုပ်အမှတ်–၅၄၂၀ (၂–၄–၂၀၁၉)ဖြင့် ပိုင်ဆိုင်သူ ဦးကိုဦးထံမှ အပိုင်ပေးအပ်ခြင်းစာချုပ်အမှတ်–၁၄၃၅ (၁၀–၃–၂၀၂၀)ဖြင့် ရရှိသူ ဦးနေဝင်းလှိုင် [၁၂/ဥကမ(နိုင်)၁၉၃၅၂၈]၊ ဦးဇော်ဝင်းမောင်[၁၂/ဥကမ(နိုင်)၁၉၃၅၂]၊ ဦးပိုင်သက်ကျော်[၁၂/ဥကမ(နိုင်)၂၃၈၄၃၂]တို့မှ အထက်ဖော်ပြပါ နေအိမ်တွင် နေထိုင်စဉ်(၁၅–၁၂–၂၀၂၂)ရက်နေ့ နံနက်(၀၁:၃၇)အချိန် ဘုရားခန်းတွင် သွယ်တန်းထားသော မီးကြိုး အပူလွန်ပြီး၊ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ကာ မြေကွက်၏နှစ်(၆၀) ဂရန်မူရင်းမှာ မီးလောင်ကျွမ်းသွားပါကြောင်း၊ ဂရန်မူရင်းအား တခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လှူဒါန်းထားခြင်းမရှိပါကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၁၄၉၂/၂၀၂၅ (၂၄–၁၀–၂၀၂၅) အထက်ဖော်ပြပါနေအိမ်သည် (၁၅–၁၂–၂၀၂၂)ရက်နေ့ နံနက်(၀၁:၃၇)ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းနှင့် မြို့နယ်မီးသတ်ဦးစီးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ပိုင်ဆိုင်စာချုပ်အမှတ်–၅၄၂၀( ၂–၄–၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပူးတွဲတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ တောင်ထိပ်ပန်းလမ်းနှင့် ယုဇနလမ်းထောင့်၊ မြေကွက်အမှတ်(၃၀၁)၊ အကျယ်အဝန်း(၄၀ ပေx၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဦးကျော်စိုးလင်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် မိမိသာလျှင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ နန်းဆိုင်ဟွမ် (၁၃/မပတ(နိုင်)၀၁၉၁၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုဇင်ရွှေ [၇/အဖန(နိုင်)၁၁၃၂၆၃]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်(၁–၁၂–၂၀၂၅)ရက်နေ့က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ချိုဇင်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ပြုံးလှိုင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၃၁၉)**

**ဖုန်း – ၀၉–၄၂၃၆၅၄၀၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ တောင်ထိပ်ပန်းလမ်း၊ မြေကွက်အမှတ်(၃၀၀/က)၊ အကျယ်အဝန်း( ၂၀ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ–ဒေါ်စောရှင်ကြည်၊ ဒေါ်လီလီဝင်း(ခ)ဇော်ဆင်ချင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် မိမိသာလျှင် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဖြိုးဖြိုးလှိုင် [၁၂/ကမရ(နိုင်)၀၅၃၁၆၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုဇင်ရွှေ [၇/အဖန(နိုင်)၁၁၃၂၆၃] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်(၁–၁၂–၂၀၂၅)ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၇ )ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ချိုဇင်ရွှေ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ပြုံးလှိုင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၃၁၉)**

**ဖုန်း – ၀၉–၄၂၃၆၅၄၀၄၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ ၁ နှင့် ၅)

## မင်္ဂလာဒုံခရိုင်တရားရုံး

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၀၆

| | | |
|---|---|---|
| ဦးအောင်သွင်မိုး | နှင့် | ဦးအောင်သန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

အမှတ်–(၄၅၀/က)၊ ခတ္တာလမ်း၊ (၄၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးအောင်သန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားလိုပိုင်ဆိုင်သောခြံမြေတွင် ကျူးကျော်ကာရံထားသည့် ခြံတံခါးနှင့် သော့အား ဖယ်ရှား၍ အချင်းဖြစ်မြေကွက်များကို တရားလိုအား လက်ရောက်ပေး စေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်အောင်)**

**ဒုတိယခရိုင်တရားသူကြီး(၃)**

**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊ရှင်စောပုရပ်ကွက်၊စမ်းချောင်းလမ်း၊ အမှတ်–၁၀၆(ဘီ)၊မြေညီထပ်(ခြေရင်းခန်း)၊(၁၂½ပေX၆၀ပေ)အကျယ်ရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်မေသူစိုး ၁၂/စခန(နိုင်)၀၀၁၈၉၁နှင့် ဒေါ်ခင်မျိုးလွင် ၁၂/စခန(နိုင်)၀၅၀၀၄၇ တို့ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ–

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန့်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်–၇၇၅၇) | (စဉ်–၈၁၁၂) | (စဉ်–၁၃၂၃၅) |

တ ရား လွှတ် တော် ရှေ့ နေ များ

ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့

ဖုန်း – ၀၉–၅၀–၅၇၇၁၄ ၊၀၉–၉၅–၅၀–၅၇၇၁၄၊၀၉–၅၁–၄၁၀၅၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၁)လမ်း၊ အမှတ်–၅၅၈ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅)လွှာ(B)၊ အခန်းအကျယ်အဝန်း(အလျား၁၂½ပေx အနံ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေဝေနွယ်[၁၀/မလမ(နိုင်)၁၃၂၀၃၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍( ၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဒေါ်မြလှဲ့ဝင်း(L.L.B) | ဒေါ်အေးအေးသိန်း(B.A, PGDL) | ဒေါ်စန်းမြသက်(B.Sc, PGDL) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၁၂) | အထက်တန်းရှေ့နေ(စဉ်–၅၆၅၆၆) | အထက်တန်းရှေ့နေ(စဉ်–၅၆၅၆၅) |

**အမှတ်–၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃၊ ၀၉–၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၅၇၈)ရှိ၂–ခန်းတွဲ ၆–ထပ်တိုက်၏ ၅–လွှာ(အေ)၊ အကျယ်အဝန်း(၁၉x၅၅)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာ ဦးရွှေမောင် [၁၂/မဂတ(နိုင်)၁၀၆၈၃၈]ထံမှ ယခုရောင်းချသူ ဦးဉာဏ်လင်းစော [၁၂/သကတ(နိုင်)၁၆၃၇၆၇]သည် အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကာ မိမိတစ်ဦးတည်းမှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ တစ်ဦးဦးမှ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးမြအောင် | ဒေါ်လွင်လွင်ယု |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၃၉၁၃) | အထက်တန်းရှေ့နေ(စဉ်–၅၄၀၁၇) |

**အမှတ်–၁၄၇၊ ၄၆–လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၅၁၅၁၂၄၆၊ ၀၉–၂၅၅၁၇၁၄၉၀**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၂)၊ တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀၁)၊ (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ပထမထပ်၊ ဧရိယာ(၁၁၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တိုက်ခန်းအတွင်းရှိ ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာရင်းတွင် ဦးလင်းခန့်(၁၀/ရမန(နိုင်)၂၃၀၆၇၆)မှ အမည်ပေါက်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားရှိပိုင်ဆိုင်သူ ဦးကျော်သူဝင်း(၁၂/ရပသ(နိုင်)၀၅၀၃၉၅)မှ လက်ရောက်ပိုင်ဆိုင်ထားရှိကြောင်း ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သူရိန်ဖြိုး (၁၂/ဥကတ(နိုင်) ၁၆၄၈၅၁)၊ ဒေါ်သီရိထွန်း (၉/မကန(နိုင်)၁၄၁၃၁၃)တို့မှ ငွေအပြေအကြေပေးချေဝယ်ယူ လက်ရောက်ရရှိပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ် လှိုင်ယဉ်မွန်(LL.B)**

အထက်တန်းရှေ့နေ (စဉ်–၄၀၆၄၈)

အမှတ်–(၄၃၀)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၂၆၀၅၅၀၂၇၀

## "ကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–25–E3၊ မြေကွက်အမှတ်–၁၂/၆၊ ဧရိယာ (၀.၀၃၃)ကေ၊ အကျယ်အဝန်း (အလျား ၂၉ ပေ x အနံ ၅၀ ပေ)ရှိသော မြေပိုင်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ပဒင်းတန်းလမ်း၊ အမှတ်– ၆၂၇ ဟုခေါ်တွင်သော ရေမီးအပြည့်အစုံပါရှိသော (၂)ထပ်တိုက်ခံအိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သန်းသန်း [၁၂/ကမတ(နိုင်) ၀၁၇၃၆၉]အမည်ဖြင့် မှတ်သားတည်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်သန်းသန်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သပြေခိုင်ဇာ [၁၂/မရက(နိုင်)၁၃၄၁၂၁]က အပြီးအပိုင်ဝယ်ယူရန် (၂၆–၁၁–၂၀၂၅)နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ရောင်းချသူကလည်း ရောင်းချသည့်မြေကွက်နှင့် ပတ်သက်၍ ၎င်းကိုယ်တိုင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။

သို့ပါ၍ အထက်ပါ မြေပိုင်မြေ မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများပြသ၍ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း/အဝယ်ကိစ္စ ပြီးမြောက်ရေးအတွက် ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးတက်ဝင်းမြိုင် (စဉ်–၁၉၅၃/၈၀) | ဒေါ်သီသီလှိုင်(စဉ်–၁၄၆၁၈) | ဒေါ်ထွေးဆုပိုင်စိုး(စဉ်–၁၆၃၀၈) |
|---|---|---|
| B.A (LAW), LL.B | LL.B, D.M.L. | LL.B, LL.M. |
| (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) | (တရားလွှတ်တော်ရှေ့နေများ) | |

**အမှတ် ၁၀/၁၂၊ ပထမထပ်၊ ၃၅–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၉၅၄၃၃၃၀၁၈၊ ၀၉–၉၆၆၈၁၁၉၁၇**

## အမြန်ရောင်းမည်

သုဝဏ္ဏ(VIP3)၊ စွယ်တောလမ်း (ကမာကြည်လမ်းမကြီး)၊ ဂရန်အမည်ပေါက်။

**ဖုန်း–၀၉–၅၀၀၃၂၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်အေးလမ်း၊ ရွှေအုန်းပင်အိမ်ရာ(၁)၊ တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၀၂)၊ မြေညီထပ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းရှိန် [၁၂/ကတတ(နိုင်) ၀၁၄၇၆၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း – ၀၉– ၄၃၁၆၃၄၀၅၊**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ (၄၆) လမ်း၊ အမှတ်(၄၆/၅၆)၊ (၅)ခန်းတွဲ (၈)ထပ်တိုက်၏ (၈) ထပ် (ဘီ)ဘက်ခြမ်း၊ အကျယ်အဝန်း (၁၈ ½ x၅၅)ပေ၊ အကျယ်အဝန်းရှိ တိုက်ခန်းကို ကိုယ်ပိုင်(ရေတင်မော်တာ၊ လျှပ်စစ်မီတာအပါအဝင် ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်နှင့်တကွ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်တင်တင်အေး [၁/မကန(နိုင်)၀၁၇၉၀၅] ကိုင်ဆောင်သူက တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ တာဝန်ယူပြောဆိုကမ်းလှမ်းသဖြင့်ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းသတ်မှတ်ရက်ကုန်ဆုံးချိန်အထိ လာရောက်ကန့်ကွက်သူမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးလှမောင်.B.A(Phi ); H.G.P;R.L** | **ဦးဉာဏ်လင်းမောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၉၁၀/၈၀)** | **(စဉ်–၄၉၉၆၆/၂၀၁၈)** |

**အမှတ်( ၉၅)၊ (၃)လွှာ/(၁၀၁)လမ်း၊ လမ်းသွယ်(၁)၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၈၇၇၃၅၉၅၆၉၊ ၀၉–၄၂၉၇၂၇၂ ၅၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်/မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ တကောင်း(၃)လမ်း၊ မြေကွက်အမှတ်(၉၇၄)ဟုခေါ်တွင်သော (အလျား ၄၀xအနံ ၆၀)ပေ အကျယ်ရှိ ပါမစ်မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဦးသိန်းဌေးအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် (အလျား ၁၀xအနံ ၆၀)ပေ အကျယ်ကို ဒေါ်သန်းနွဲ့ [၁၂/ကတန(နိုင်)၀၈၈၂၉၇]က စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီးနောက် အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်ခဲ့ကြောင်း၊ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သိန်းမြင့် [၉/မနမ(နိုင်)၀၄၂၀၀၆]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**အထက်တန်းရှေ့နေများ**

| | |
|---|---|
| **ဦးဝင်းထွဋ် (LL.B)** | **ဒေါ်သင်းရွှေဇင် (LL.B)** |
| **စဉ်–၂၄၅၂၈ (၂၀–၁၂–၂၀၀၅)** | **စဉ်–၅၅၇၃၄ (၂၉–၈–၂၀၂၃)** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ၀၉–၇၈၄၄၁၁၁၇၅**

## သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်ကျေးရွာနေ မဝင်းဝင်းကြွယ်[၁၂/အစန(နိုင်)၂၃၈၉၀၈]ကိုင်ဆောင်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ သက်ဆိုင်သူနှင့် အများသိရှိစေရန် ကြေညာအပ်သည်မှာ –

